


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မအိုစာ

မိုးနတ်ဒေဝီ

| | |
|---|---|
| တာဝန်ခံပြုချက်အမှတ် | - ၅၀၁၆၃၅၁၁၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၀၃၆၀၁၁၀ |
| | ပထမအကြိမ် |
| | ၂၀၁၁ ခုနှစ်၊ ဧပြီလ |
| ထုတ်ဝေသူ | - ဦးသစ်လွင် (ဂန္ဓဝါမြိုင်စာပေ) |
| | ၁၁၃/ရွှေပြည်သာလမ်း ၊သာကေတ |
| မျက်နှာဖုံးပုံနှိပ်သူ | - ဦးကျင်ရင် (မြ-၀၅၄၁၇) |
| | ရွှေခြသေ့်ပုံနှိပ်တိုက် |
| | အမှတ် (၂၂၅)၊ (၃၂) လမ်း၊ |
| | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | - ဦးနိုင်နိုင်အောင် (မြ-၀၆၅၇၀) |
| | ရတနာမင်းပုံနှိပ်တိုက်၊ အမှတ် (၁၉၂) |
| | ၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ် |
| မျက်နှာဖုံးဒီဇိုင်း | - Ma O' Sar |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | - ရွှေမင်းသမီးစာပေ၊ |
| | ဖုန်း - ၀၉၄၃၀၃၃၃၁၅၂၊ ၀၁-၄၀၀၆ |

မအိုစာ ၈၉၃-၈၃
မိုးနတ်ဒေဝီ/မအိုစာ။ ရန်ကုန်၊
ဂန္ဓဝါမြိုင်စာပေ၊ ၂၀၁၁
၁၄၅စာ၊ ၁၃. ၂၁×၂၀. ၈၃စင်တီ၊
(၁) မိုးနတ်ဒေဝီ

# မအိုစာ

# မိုးနတ်ဒေဝီ

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ

၁။ ခေါစာပစ်တဲ့ည
၂။ မလှစုန်းယိုး
၃။ အရှင်လဘ်လတ်
၄။ ကနားစီးဒေဝါ
၅။ ခေါင်းတလားရာဇာ
၆။ နတ်ကဝေမယ်
၇။ ပျဉ်ထောင်ကတော်နတ်
၈။ ပုဏ္ဏပုံခြံစံအိမ်
၉။ ကုတင်နံပါတ် ၃၁
၁၀။ ဘုံစာကျွေးတဲ့ နေ့
၁၁။ နတ်ကျားဝိညာဉ်
၁၂။ မာတင်
၁၃။ ဘီလူးနက္ခတ်
၁၄။ မိုးကြိုးအလောင်း
၁၅။ နှစ်ဘဝရွှေသိုက်

ယခု ... မိုးနတ်ဒေဝီ



ဆရာမလေး မအိစာ ...

အဖွားပင်စင်ယူပြီး (၃) နှစ်အတွင်းမှာ အခြားစာအုပ်တွေကို ဖတ်မိပြီး မအိစာရဲ့ခေါစာပစ်တဲ့ညကိုတော့ ၅.၁၁.၂၀၁၀ နေ့ကမှ ဖတ်မိတယ်။

အခုနောက်တစ်အုပ် ဘုံစာကျွေးတဲ့နေ့ဆိုတဲ့ စာအုပ်လေးကိုဖတ်ဖို့ငှားခဲ့ပြီး ရှေ့မှာပါတဲ့မိတ်ဆက်စာလေးတွေကို ဖတ်မိတော့ သမီးဆီကို စာရေးပို့ချင်တဲ့စိတ်ဖြစ်လာလို့ ရေးလိုက်တာပါ။

စာအုပ်အရေအတွက် ၁၀–အုပ်လောက်နဲ့ ပရိသတ်တွေရဲ့နှလုံးသားကို ဆွဲဆောင်မှုအားကောင်းလွန်းတာလည်း သမီးရဲ့ အရည်အချင်းပေါ့။

အဖွားလို အသက် ၆၄ နှစ်ရှိပြီဖြစ်တဲ့ ကျောင်းဆရာမ (အငြိမ်းစား) တစ်ယောက်ရဲ့ ဒီစာလေးကို သမီးဖတ်ရရင်ပဲ ဝမ်းနှပ်လှပါပြီ။

သမီးရဲ့ထွက်ပြီးစာအုပ်တွေကိုလဲ အဖွားရှာဖတ်မှာပါ။

အဖွားအကြိုက်ဆုံးက 'မအိစာ' ဆိုတဲ့သမီးရဲ့ ကလောင်နာမည်လေးကိုပါပဲ။

www.burmeseclassic.com



အလွန်ကိုမြန်မာဆန်တဲ့ နာမည်လေးတစ်ခုပါ။

သမီးကျန်းမာရေးကောင်းပြီး အဖွားတို့လိုပရိသတ်တွေအတွက် စာအုပ်တွေအများကြီး ရေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

မအိစာကိုချစ်တဲ့ အဖွားဒေါ်သန်းရီ(ငြိမ်း)
အမှတ်(၁) အလုပ်ရုံဆက်သွယ်ရေး
နန်းတွင်း၊ မန္တလေးမြို့။





ဆရာမ – မအိစာ ...

ကျွန်တော်ဟာ မအိစာရဲ့ အမာခံပရိသတ်တစ်ဦးပါ။ မအိစာရဲ့ဝတ္ထုမှန်သမျှ မကောင်းတာကိုမရှိပါဘူး။

မအိစာရဲ့စာအုပ်မှန်သမျှ လစဉ်ငှားဖတ်ပါတယ်။

ကျွန်တော်က စာဖတ်မြန်တာကတစ်ကြောင်း၊ ဝတ္ထုက နည်းနည်းတိုတော့ ဖတ်ရတာ အားမရပါဘူး။

ဒါကြောင့် ဝတ္ထုကို ရှည်ရှည်လေးရေးပေးပါ။

တစ်လကို ၂ အုပ် ထွက်ပေးရင် ပိုကောင်းပါလိမ့်မယ်။

မအိစာရဲ့စာအုပ်က စာဖတ်သူရဲ့စိတ်ကို ထိရောက်စွာ ဆွဲဆောင်နိုင်တယ်။

ကျွန်တော် အားမနာတမ်း ပြောရရင် မအိစာရဲ့ဓါတ်ပုံနဲ့ လက်မှတ်ပါတဲ့ စာအုပ်လေးရယ် . . . နောက်ပြီး ပြန်စာတစ်စောင်တော့ပို့ပေးပါလို့ အနူးအညွတ် တောင်းမံပါတယ်။

မအိစာ ဒီထက်မက အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမကြီးဖြစ်ပါစေလို့ အမြဲဆုတောင်းပေးနေတဲ့ ...

(၇)တန်းကျောင်းသားလေး
မောင်ကျော်ဇင်ဝင်း
အ.လ.က (၄) မုံရွာမြို့။

www.burmeseclassic.com

www.burmeseclassic.com



အညာတဆေးရိုးနော် ဆရာမ ...

(ဟဲ ... ဟဲ ... ကိုးရိုးယားလိုနှုတ်ဆက်တာလေ)

မင်္ဂလာပါ မအိုစာ ...

တစ်ခါမှ အခုလို ကိုယ်ဒီလေးစားအားကျရတဲ့ စာရေးဆရာမတွေဆီ စာမရေးဖူးတော့ ရင်ထဲမှာ အရမ်းပျော်တယ်။

ဆရာမရဲ့ ၁၀–အုပ်မြောက်အထူးထုတ် 'ဘုံစာကျွေးတဲ့နေ့' စာအုပ်ကို ပထမဆုံး စဖတ်ဖူးတာပါ။

ထွက်ပြီးသားစာအုပ်တွေကိုတော့ မဖတ်ဖူးသေးပါဘူး။ ဘုံစာကျွေးတဲ့နေ့ကိုဖတ်ရတော့ တခြားတစ္ဆေသရဲဝတ္ထုတွေနဲ့ မတူတာကို တွေ့ရတယ်။

ဆရာမရဲ့အရေးအသားက တိုတိုနဲ့လိုရင်းထိတယ်။

အလကားနေရင်း ကြောက်အောင်ခြောက်တဲ့ စာအုပ်မျိုးမဟုတ်ဘဲ ဖတ်သူရဲ့ရင်ထဲကို ရသနဲ့ဗဟုသုတတွေ အများကြီးကျန်ခဲ့အောင် ရေးသားနိုင်တယ်နော်။

အဲဒီအတွက် ဆရာမကို အရမ်းလေးစားသွားပြီ။

ဆရာမရဲ့ထွက်ရှိပြီးသား စာအုပ်တွေကို ဖတ်ခွင့်မရခဲ့ပေမယ့် နောက်ထွက်မယ့် စာအုပ်တွေကို ဖတ်ခွင့်ရဖို့ စောင့်မျှော်



အားပေးရမှာပါ။

ဆရာမရဲ့အသက်နဲ့မိသားစုအကြောင်းကို သိချင်ပါတယ်နော်။ စာအုပ် ၁ အုပ်ပဲ ဖတ်ဖူးပေမယ့် ဆရာမရဲ့ ထာဝရဝရိသတ်အစစ် ဖြစ်ချင်သူပါ။

ဆရာမရဲ့လက်မှတ်ပါတဲ့ စာအုပ်နဲ့ဓာတ်ပုံကိုလည်း အရမ်းလိုချင်ပါတယ်။

တကယ်လက်ဆောင်ပေးပါနော်။

လေးစားချစ်ခင်ရတဲ့ မမ ... မအိုစာ

ကျန်းမာပျော်ရွှင်ပြီး အကောင်းဆုံးစာအုပ်တွေ ပရိသတ်ရင်ထဲ အရောက်ပို့ပေးနိုင်ပါစေလို့ ညီမလေး ဆုတောင်းပေးပါတယ် ...

မိုးလှိုင်းမြေမှချစ်ညီမလေး 'နေယွန်းအိမ်'
မိုးလှိုင်းကုန်းကျေးရွာ တောင်ပိုင်း၊
မဲဇာစာတိုက်၊ အင်းတော်မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပါ မမ . . . မဒိုစာ

ကျွန်တော်က မမရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။

မမရဲ့စာအုပ်တိုင်းလိုလို ဖတ်ဖြစ်တယ်။

စာအုပ်အားလုံးကို ကြိုက်တယ်။

'ဘုံစာကျွေးတဲ့နေ့' စာအုပ်ဆို အရမ်းဖတ်လို့ ကောင်းတယ်။

တောင်းဆိုစရာလေးရှိပါတယ် . . .

မမရဲ့လက်မှတ်ပါတဲ့ ဓါတ်ပုံလေးတစ်ပုံလောက် လိုချင်ပါတယ်။

ပြန်စာကိုလည်း မျှော်နေပါတယ်။

ကျွန်တော်အားပေးတဲ့ မမ . . . စာပေတစ်လွှားမှာ အောင်မြင်ပါစေလို့ ဆုတောင်းလျက် . . .

ချစ်မင်းကို

အလယ်ရွှေဘုံသာ

မြင်းခြံမြို့၊ အမှတ်(၂)

**မဒိုစာ**

စာတိုက်သေတ္တာအမှတ် (၁၉၇)

ရန်ကုန်မြို့။

အကြံပြုစာရေးသားပေးပို့သူ

ပရိသတ်အားလုံးကို လက်မှတ်ထိုးထားသော

စာအုပ်လက်ဆောင်များ

ပြန်လည်ပေးပို့လျက်ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်လ နှစ်အုပ် ထွက်ပေးပါလို့
တောင်းဆိုတဲ့ ပရိသတ်များအတွက်
မအိုစာရဲ့ကလောင်ခွဲ

# သူယောင်မယ်

# ‘ကျွင်းပိုင်မောင်နှမ’

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)



မကြော တစ်ယောက် ဂ ... ခနေရာက ဆတ်ခနဲ ထထိုင် ... တယ်။

... ဆတ်ဝန်း ... ကျင်ကိုကြည့်လိုက်တော့ အကြီးအကျယ် အံ့ ... ငိုသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မှိုးတိမ်လို ... မီးခိုးငွေ့လို ... အရာတွေရဲ့ကြားမှာ သူ ရောက်နေတယ်။

သူဟာ လက်အစုံကိုမြှောက်ပြီး ငေ့ယမ်းကြည့်မိတယ်။

သူ့လက်တွေဟာ အခိုးငွေ့လိုအရာတွေထဲ ကျွံဝင်သွားသလို ခံစားရတယ်။

ဒါကြောင့် အကြီးအကျယ် ထိတ်လန့်သွားပြီး ...

" ဟင် ... ဘာတွေလဲ ... ငါ ...

ငါ ဘယ်ရောက်နေတာလဲ ...

ကောင်းကင်ပေါ် ရောက်နေတာလား၊

ဒါ ... ဒါမှမဟုတ် မီးခိုးတွေကြား ရောက်နေတာလား၊

ဖမ်းဆုပ်ကိုင်လို့လည်း မရဘူး ...

အနံ့အသက်လည်း မရှိဘူး ...

ငါ ဘယ်ရောက်နေသလဲ ... ဒါ ... ဘာတွေလဲ "

လို့ ရေရွတ်လိုက်တယ်။

စကြာဟာ စိုးရိမ်စိတ်နဲ့အတူ မတ်တတ်ရပ်လိုက်တယ်။

ခေါင်းထဲ မိုက်ခနဲဖြစ်ပြီး ချာချာလည်သွားသလို ခံစား



လိုက်ရတယ်။

ဒါကြောင့် ... မျက်လုံးကို စုံမှိတ်ရင်း နားထင်ကို လက်နဲ့ ထောက်ထားမိတယ်။

ဒီအချိန်မှာပဲ ...

" ကောင်လေး ... ဒီနေရာမှာ တစ်ယောက်တည်း ဘာရပ်လုပ်နေတာလဲ၊ ဟိုမှာ လူတွေစုံနေပြီ၊ မသွားသေးဘူးလား ... "

ဆိုတဲ့ အသံသြကြီးကို ကြားလိုက်ရတယ်။

အခိုးငွေ့တွေကြား ရပ်နေတဲ့အဘိုးအိုတစ်ယောက်။

ဆွတ်ဆွတ်ဖြူနေတဲ့ အဖြူရောင်ဝတ်စုံကို ဝတ်ထားပြီး၊ ဖြူဖွေးနေတဲ့ မုတ်ဆိတ်ရှည်ကြီးတွေနဲ့ ...

စကြာဟာ မူးဝေနောက်ကျိနေတဲ့ဝေဒနာကို ခံစားနေရင်း အဘိုးအိုကို စူးစိုက်ကြည့်ပြီး ...

" အကူအညီလိုတဲ့လူကို ပစ်မထားတတ်တာ၊ ဟော့ဒီနေရာရဲ့ စည်းမျဉ်းတစ်ခုပါပဲ၊ လူလေး ... ကျုပ်နောက်ကို လိုက်ခဲ့ပါ "

www.burmeseclassic.com

www.burmeseclassic.com



လို့ပြောပြီး ရှေ့ကသွားတယ်။

စကြာတစ်ယောက် နားမလည်နိုင်စွာဘဲ အဘိုးအို နောက် လိုက်သွားမိတယ်။

အခိုးအငွေ့တွေရဲ့ကြား ပြာသာဒ်အဆင့်ဆင့်နဲ့ နန်းဆောင်လို အရာတွေ ...

စကြာဟာ ဘုံပြာသာဒ်တွေကို တအံ့တသြ ငေးမော ကြည့်ရင်း အဘိုးအိုနောက်က ပါသွားတယ်။

တစ်နေရာရောက်တော့ လူအုပ်စုတစ်စုကို တွေ့ရတယ်။

သူတို့ဟာ အဖြူရောင်ဝတ်စုံတွေကို လဲလှယ်ဝတ်ဆင် နေကြတယ်။

စကြာကအံ့သြစိတ်ကို မထိန်းနိုင်တော့ဘဲ ...

“ ဒီမှာ အဘိုး ... ကျုပ်ဘယ်ရောက်နေသလဲ၊
ဒီလူတွေကရော ... ဘာလို့ အဝတ်ဖြူတွေ လဲ
ဝတ်နေကြသလဲ ... ”

လို့ အဘိုးအိုရဲ့လက်ကို လှမ်းဆွဲပြီး မေးလိုက်တယ်။

အဘိုးအိုက ခြေလှမ်းတုံ့သွားပြီး သူ့ကိုစူးစိုက်ကြည့်



တယ်။

ပြီးတော့ ...

“ ရှင်ဘုရင်ဖြစ်ဖြစ် ... သူတောင်းစားဖြစ်ဖြစ်၊
ဒီနေရာရောက်ရင်တော့ အားလုံးအတူတူချည်းပါပဲ၊
လူလေးလည်း သူတို့လို အဝတ်လဲရမယ်၊
လူလေးမှာ တံဆိပ်ပြား ပါတယ်မဟုတ်လား ”
လို့မေးတယ်။

အဘိုးအိုရဲ့ အမေးကြောင့် စကြာက ...

“ ဘာတံဆိပ်ပြားလဲ ...
ကျုပ်မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲရှိတယ်၊
ဘာမှမပါဘူး ”

စကြာရဲ့စကားကြောင့် အဘိုးအို မျက်မှောင်ကြုတ်သွား တယ်။

အဘိုးရဲ့မျက်နှာ တင်းမာသွားပြီး လေသံမာမာနဲ့ —

“ မင်းဟာ အူကြောင်ကြောင်နဲ့ နလပိန်းတုံး
တစ်ယောက်ပဲ၊မင်းသေပြီးရင် ဒါရတယ်လေ —

www.burmeseclassic.com

www.burmeseclassic.com



မသိဘူးလား ... ”

လို့ပြောပြီး သူ့အိတ်ထဲက တံဆိပ်ပြားတစ်ခုကို ထုတ်ပြ

တယ်။

စကြာဟာ အဘိုးအိုလက်က တံဆိပ်ပြားကို စိုက်ကြည့်

ရင်း တုန်လှုပ်သွားတယ်။

**သေဆုံးသူများ နိုးအောင်းရာ ဝိညာဉ်ဘုံ ...**

ရှည်မျောမျော တံဆိပ်ပြားပေါ်မှာ ထွင်းထားတဲ့စာတမ်း

စကြာတစ်ယောက် စာကိုဖတ်မိရင်း အံ့သြတုန်လှုပ်

စိတ်နဲ့အတူ ကြောင်အမ်းသွားတယ်။

“ မင်းသေဆုံးချိန်က ဒီတံဆိပ်ပြား မရခဲ့ဘူးလား၊

သေမင်းနဲ့ရောတွေ့ပြီးပြီလား ...

ဝတ်ရုံဖြူကြီးနဲ့ ဓားကောက်ကိုင်ထားတဲ့

ပုဂ္ဂိုလ်လေ ... ”

အဘိုးအိုက ပြောဆိုရင်း သူ့အင်္ကျီကို ဆွဲလှန်လိုက်

တယ်။

ပြီးတော့ ...



အထိတ်တလန့်အသံကြီးနဲ့ ...

“ ဗုဒ္ဓေါ ” ...

လို့ရေရွတ်ပြီး လူအုပ်ကြီးရှိရာ ကမူးရှူးထိုး ပြေးသွား

တယ်။

“ သူ့ကို ကြည့်ကြပါဦး၊ သူ့မှာ တစ်ခုခုတော့ ထူး

ခြားနေပြီ၊ သူဟာ ဝိညာဉ်ဘုံသားမဟုတ်ဘူး ... ”

အဘိုးအိုရဲ့စကားကြောင့် အဝတ်လဲနေတဲ့ လူအုပ်ကြီးရဲ့

မျက်လုံးတွေက စကြာဆီကို စုပုံကျလာတယ်။

သူတို့ဟာ စကြာရဲ့အနားကို တရွေ့ရွေ့ တိုးကပ်လာကြ

တယ်။

လူတွေက သူ့ကို အထူးအဆန်းသတ္တဝါလို ဝိုင်းအုံကြည့်

နေကြတယ်။

စကြာကတော့ လူအုပ်ကြီးရဲ့အလယ်မှာ မလှုပ်မယှက်

ရပ်နေဆဲ ...

ဒီအချိန်မှာပဲ အဘိုးအိုနဲ့အတူ ရဲမက်အဝတ်အစားနဲ့ ဓား

ရှည်ကိုင် လူတစ်ယောက် အနားရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမက်ဝတ်စုံနဲ့ လူက စကြာရဲ့ ရင်ဘတ်အကျီစကို လှမ်းကြည့်ရင်း ...

"ဟုတ်တယ် ... သူဟာ

သေမင်းနဲ့မတွေ့ခဲ့ဘူး၊

ဝိညာဉ်ရေကန်မှာလည်း ရေမချိုးခဲ့ဘူး၊

ဝိညာဉ်ရေကန်မှာ ရေချိုးပြီးသူတိုင်းရဲ့ ...

ရင်ဘတ်မှာ အသားတံဆိပ်ပါတယ်၊

သူ့မှာ ဒါတွေမရှိဘူး ...

ဟော့ကောင်လေး ... မင်းဘယ်တုန်းက

သေသလဲ၊ နာမည်ပြောစမ်း ... "

လို့ မေးမြန်းတယ်။

စကြာဟာ ခေါင်းထဲက မူးနောက်နေတာကြောင့် စိတ်မရှည်တော့ဘဲ ...

" ခင်ဗျားတို့ ဘာတွေပြောနေတာလဲ၊

ကျုပ်က ဘာလို့ သေရမှာလဲ၊

ကျုပ်နာမည်စကြာ ... ခင်ဗျားတို့ထင်သလို

လူသေတစ်ယောက် မဟုတ်ဘူး၊

လူသားစင်စစ်ဗျ ... မယုံရင် ကျုပ်ကို ကိုင်

ကြည့်စမ်းပါ၊ ခန္ဓာကိုယ်ထဲက သွေးတွေ

လှုပ်ရှားနေတဲ့အတွက် ပူနွေးနေတာပဲဗျ"

လို့ ပြောလိုက်တယ်။

သူ့စကားကြောင့် လူအုပ်ကြီးရဲ့ မျက်လုံးတွေဟာ ပိုပြီးအရောင်ပြောင်းသွားတယ်။

ရဲမက်ဝတ်စုံနဲ့လူကတော့ သူ့စကားကို မသိယောင်ဆောင်ပြီး လက်မှာကိုင်ထားတဲ့ စာရွက်လိပ်ကြီးကို ဖြန့်ချလိုက်တယ်။

" ဟာ ... ဘယ်လိုဖြစ်တာလဲ၊

ဒီထဲမှာ စကြာ ဆိုတဲ့နာမည် လုံးဝမရှိဘူး "

လူကြီးရဲ့ တအံ့တသြ ရေရွတ်သံနဲ့အတူ သူ့ကို စူးစိုက်ကြည့်ကြပြန်တယ်။

ဒီအချိန်မှာပဲ လူအုပ်ထဲက တစ်ယောက်က သူ့အနားတိုးကပ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လက်ကောက်ဝတ်ကို ဆွဲယူကြည့်ပြီး ...

" ဟင် ... သူမသေသေးဘူး၊

လူသားစစ်စစ်ပဲ"

လို့အထိတ်တလန့် အော်ဟစ်လိုက်တယ်။

စကြာဟာ ရုတ်တရက် လည်ချောင်းထဲက ပျို့တက်လာသလို ခံစားလိုက်ရတယ်။

ဒါကြောင့် စိတ်မထိန်းနိုင်တော့ဘဲ 'ဝေါ့'ခနဲ အန်ချလိုက်တယ်။

ရဲမက်ဝတ်စုံနဲ့ လူကြီးဟာ သူ့ရဲ့လုပ်ရပ်ကြောင့် မနှစ်မြို့သလို ကြည့်ရင်း ...

" ဘာဖြစ်တာလဲဟ ... ဝိညာဉ်တွေက

ဒါမျိုးမလုပ်ဘူး "

လို့ အထိတ်တလန့် ရေရွတ်လိုက်တယ်။

စကြာရဲ့ ထိုးအန်လိုက်တဲ့အဖြစ်ကြောင့် လူအုပ်ကြီးဟာ အနောက်ကို တွန့်သွားကြတယ်။

ဒီအခါမှာ အဘိုးအိုဟာ မျက်မှောင်ကြုတ်စဉ်းစားဟန်ပြု



ရင်း ...

" ဒီသူငယ်ဟာ ...

သေဆုံးသူ တစ်ယောက်မဟုတ်ရင်၊

ဘာကြောင့် ဝိညာဉ်ဘုံကို လာခွင့်ပြုရသလဲ၊

မှားယွင်းမှုအကြီးကြီးတော့ ဖြစ်နေပြီ၊

ဘုရား ... ဘုရား ... "

လို့ ဘုရားတ ရေရွတ်လိုက်ပြန်တယ်။

စကြာဟာ အန်ပြီးတဲ့အခါ သူတို့အားလုံးကို မျက်လုံးဝေ့ကြည့်ရင်း ...

" ဟုတ်တယ် ...

အဘိုးပြောတာ မှန်တယ်၊

ကျုပ်ဟာ သေဆုံးသူတစ်ယောက်မဟုတ်ဘဲ။

ဘာလို့ ဒီနေရာ ရောက်လာရသလဲ၊

ဘာပဲဖြစ်ဖြစ် ကျုပ်ကို ပြန်ပို့ပေးကြပါ၊

ပြန်ပို့ပေးကြပါဗျာ ... "

လို့ တောင်းဆိုလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စကြာရဲ့စကားကြောင့် သူတို့အားလုံး တိတ်ဆိတ်ငြိမ်သက်သွားတယ်။

ဒီအချိန်မှာပဲ ...

" ခွပ် ... ခွပ် ... ခွပ် ... "

ဆိုတဲ့ မြင်းခွာသံတွေကို ကြားလိုက်ရတယ်။

# အပိုင်း (၂)

## မိစ္ဆာတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



**အသံ** ကြောင့်လူတွေအားလုံး ပြိုင်တူလှည့်ကြည့်ကြ
တယ်။

မြင်းဖြူကြီးကိုယ်စီနဲ့ဝတ်ရုံဖြူရုံမက်တွေ ...

မြင်းစစ်သည်တော်တွေရဲ့ အလယ်မှာတော့ အဖြူရောင်



ဝတ်ရုံနဲ့ မိန်းကလေးတစ်ယောက် ...

အပြင်းနှင်လာတဲ့မြင်းခွာသံနဲ့အတူ သူမရဲ့ဆံနွယ်စ
တွေက လေထဲလွင့်ပျံနေတယ်။

စကြာဟာ တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ချောမော
လွန်းတဲ့ မိန်းကလေးကို မမြင်ခဲ့ဖူးဘူး။

ဒါကြောင့် ... မိန်းကလေးကို မျက်တောင်မခတ်စတမ်း
ငေးစိုက်ကြည့်မိတယ်။

မြင်းစစ်သည်တော်တွေဟာ လူအုပ်ကြီးနား ရောက်တဲ့
အခါ ရပ်တံ့သွားပြီး ...

" ကျုပ်တို့ရဲ့ ဝိညာဉ်ဘုံကို ...

မိတ္တာတွေ ဝင်လာပြီ၊

အားလုံး သတိနဲ့ နေကြပါ၊

ကျုပ်တို့ အသေအကျေ တိုက်နိုက်ဖို့ ...

အချိန်ရောက်ပြီ "

လို့ ခေါင်းဆောင်ဖြစ်သူက လှမ်းပြောတယ်။

မိတ္တာ ... ဆိုတဲ့ အသံကြောင့် စကြာထ ငိုင်းအုံနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ကြီးဟာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတယ်။

“ မိစ္ဆာတွေ ဝင်လာပြီတဲ့ ...

ဘာလုပ်နေကြတာလဲ၊

ပြေးကြ ... ပြေးကြဟေ့ ”

ဆိုတဲ့အသံတွေ ပွက်လောရိုက်သွားတယ်။

စကြာက လူအုပ်ကြီးကို ငေးကြည့်ရင်း ...

“ ဟေ့လူတွေ ... နေကြဦးလေဗျာ၊

ကျုပ်ကိုပြန်ပို့ ပေးကြပါဦး၊

ပြန်ပို့ပေးပါ ”

လို့ အော်ဟစ်လိုက်တယ်။

လူအုပ်ကြီးရှိသွားတဲ့အခါ စကြာနဲ့မြင်းစစ်သည်တော်တွေပဲ ကျန်ရစ်ခဲ့တယ်။

မြင်းသည်တော်တွေဟာ ထိုနေရာက ထွက်ခွာဖို့ ပြင်လိုက်တယ်။

စကြာက ခေါင်းဆောင်မြင်းစစ်သည်ရဲ့အနား ပြေးထွက်သွားပြီး ...



“ ကျုပ်က ... ကျုပ်ကမသေ သေးဘူးဗျ၊

ကျုပ်ကို ပြန်ပို့ပေးပါ ”

လို့ သွေးရူးသွေးတန်း အော်ဟစ်လိုက်တယ်။

ခေါင်းဆောင်က စကြာကို မကျေမနပ်ငုံ့ကြည့်ရင်း ...

“ ဟာ ... ဒီလူ ဘာတွေပြောနေတာလဲ၊

ဟိုမှာ မိစ္ဆာတွေ ဝင်လာပြီ၊

အမြန်ပြေးပေတော့ ...

ကျုပ်တို့မှာ တာဝန်တွေ ရှိသေးတယ် ”

လို့ ပြောဆိုပြီး မြင်းကို အပြင်းနှင်သွားတယ်။

“ ဟေ့ ... ဟေ့လူတွေ ... နေကြပါဦး၊

ကျုပ်ကို ပြန်ပို့ပေးကြပါဦးဗျ ... ”

စကြာတစ်ယောက်အော်ဟစ်ရင်း မြင်းနောက် ပြေးလိုက်သွားတယ်။

မြင်းစစ်သည်တွေမှာ သူ့ကို လှုံ့ဆော်ရမယ့်အသံ သူ့ရှေ့က ဖြတ်ကျော်သွားတယ်။

ဝတ်ရုံဖြူ မိန်းကလေးတော့ သူ့ရှေ့အရှေ့ကိုမှာတော့

www.burmeseclassic.com

မြင်းပေါ်တနေ သူ့ကို စောင်းငဲ့ကြည့်သွားတယ်။

စကြာဟာ မြင်းစစ်သည်တွေ အဝေးရောက်တဲ့ချိန်ထိ အော်ဟစ်နေဆဲ ...

ဒီအချိန်မှာပဲ ပြာသာဒ်နန်းဆောင်ပေါ် ပုန်းခိုနေတဲ့ မည်းမည်းသဏ္ဍာန်တွေဟာ မြေပေါ် လွှား ... ခနဲ ခုန်ဆင်းလာကြတယ်။

ပြီးတော့ ... လေထက်မြန်တဲ့အလျင်နဲ့ မြင်းစစ်သည်တွေနောက် ပြေးလိုက်သွားတယ်။

မြင်းစစ်သည်တော်တွေဟာ သူတို့နောက် လိုက်လာတဲ့ မည်းမည်းသဏ္ဍာန်တွေကို တွေ့သွားပြီး ...

" သခင်မလေးကို ကာကွယ်ကြဟေ့ ... "

လို့အော်ဟစ်ကြတယ်။

ပြီးတဲ့အခါမှာတော့ ...

မြင်းစစ်သည်တွေနဲ့ မည်းမည်းသဏ္ဍာန် မိစ္ဆာတွေဟာ အပြင်းအထန် တိုက်ခိုက်ကြတော့တယ်။

စကြာတစ်ယောက် ခုတ်ထစ် ... တိုက်ခိုက်နေတဲ့ အခြေ



အနေကိုကြည့်ပြီး ...

အကြီးအကျယ် ကြောက်လန့်သွားတယ်။

သူ့တစ်ကိုယ်လုံး ကြောက်စိတ်ကြောင့် တုန်ယင်ပြီး ငုတ်ရိုက်နေတယ်။

စကြာဟာ သွေးသံတရဲရဲ တိုက်ခိုက်နေတဲ့ အခြေအနေကို မမြင်ရက်တာကြောင့် ပြာသာဒ်ဆောင်တစ်ခုထဲ ပြေးဝင်ခဲ့တယ်။

သူဟာ ... လူသုံးဖက်လောက်ရှိတဲ့ တိုင်လုံးကြီးရဲ့ နောက်မှာ ပုန်းခိုနေလိုက်တယ်။

ဒီအချိန်မှာပဲ " ဘုန်း " ခနဲ " ဒုန်း " ခနဲ အသံတွေ ကြားလိုက်ရတယ်။

ဒါကြောင့် ထိတ်လန့်ပြီး ပြာသာဒ်ဆောင်ရဲ့ အမိုးကို မော့ကြည့်လိုက်တယ်။

ပေါက်ကွဲမှုကြောင့် ပြာသာဒ်ဆောင်ရဲ့ အမိုးတွေ ပြိုကျလာပြီ။

စကြာလည်း ထိတ်လန့်ပြီး ပြာသာဒ်ထဲက ပြေးထွက်ခဲ့

www.burmeseclassic.com



ဘယ်။

ပေါက်ကွဲသံတွေနဲ့အတူ ပြာသာဒ်မိုးပေါ်က အပိုင်းအစတွေ လွင့်စဉ်လာတယ်။

စကြာဟာ မိုးပြိုမတတ် မြည်ဟည်းနေတဲ့ အသံတွေကြောင့် နားနှစ်ဖက်ကို လက်နဲ့အုပ်ရင်း အသည်းအသန် ပြေးထွက်ခဲ့တယ်။

ဒီအချိန်မှာပဲ ပြိုကျလာတဲ့ တိုင်လုံးတစ်ခုရဲ့ အပိုင်းအစတစ်ခုက သူ့တည့်တည့်ကို ပြုတ်ကျလာတယ်။

" အား " ...

# အပိုင်း (၃)

## အဖြူရောင် သခင်မ

www.burmeseclassic.com

www.burmeseclassic.com



မွှေးကြိုင် တဲ့ ပန်းပေါင်းရနံ့တစ်မျိုးကြောင့် စကြာ

မျက်လုံးတွေ ပွင့်လာတယ်။

သူရောက်နေတာက အိစက်နေတဲ့ ဖဲမွေ့ရာကြီးတစ်

ပေါ်မှာ ...



ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်တော့ ...

ရွှေရောင်တွေ ဖိတ်ဖိတ်လက်နေတဲ့ အခန်းကြီးတစ်ခန်း

စကြာဟာ ဖဲမွေ့ရာကြီးပေါ်က လူးလဲထလိုက်ရင်း ...

" ဟင် ... ငါဘယ်ရောက်နေပြန်ပြီလဲ၊

တစ်ခန်းလုံးလည်း ရွှေရောင်တွေ

တောက်ပနေတယ်၊ သိပ်မွှေးတဲ့ ...

ပန်းပေါင်းရနံ့ကိုလည်း ရနေတယ်၊

ငါ ... နတ်ပြည်ကို ရောက်နေတာများလား၊

ဒါမှမဟုတ် ... ဥစ္စာစောင့်တွေ ...

သိုက်နန်းရှင်တွေ "

လို့အတွေးမဆုံးခင်ဘဲ ...

" ရှင် သတိရပြီလား ...

ဒီနေရာဟာ နတ်ပြည်လည်းမဟုတ်ဘူး၊

သိုက်နန်းရှင်တွေရဲ့ နေရာလည်းမဟုတ်ဘူး၊

ရှင်ရောက်နေတာ ဝိဉာဉ်ဘုံသခင်ကြီးရဲ့ ...

နန်းဆောင်ထဲမှာပါ ... "

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဆွဲငင်အား သိပ်ကောင်းတဲ့အသံကို ကြားလိုက်ရတယ်။

အသံကြောင့် စကြာဟာ ကြက်သီးထမတတ် တုန်လှုပ်သွားမိတယ်။

အခန်းထဲမှာ သူတစ်ယောက်တည်း ...

ဘယ်က အသံကြားနေရပါလိမ့် ...

တွေးတောနေစဉ်မှာပဲ အိပ်ခန်းဆောင်ရဲ့ အဖြူရောင်ခန်းဆီးစတွေဟာ တဖျပ်ဖျပ်လှုပ်ခါသွားတယ်။

ချောမောလွန်းတဲ့ မိန်းမလှတစ်ယောက် ...

အဖြူရောင်ဝတ်ရုံနဲ့ သူ့ရှိရာ တရွေ့ရွေ့လှမ်းလာတယ်။

စကြာဟာ မိန်းမပျိုကိုမြင်တဲ့အခါ ပိုမိုအံ့သြသွားပြီး

" ဟင် ... မင်း ... မင်း ...

မြင်းပေါ်က မိန်းကလေးမဟုတ်လား "

လို့ရေရွတ်လိုက်တယ်။

မိန်းကလေးက ဖဲမွေ့ရာကြီးရဲ့အစွန်းမှာ ဝင်ထိုင်လိုက်ရင်း ...



" ကျွန်မက ဗိညာဉ်ဘုံသခင်ကြီးရဲ့ သမီးပါ၊

ဗိညာဉ်ဘုံမှာတော့ ကျွန်မကို ...

အဖြူရောင်သခင်မ လို့ သိကြတယ်၊

ရှင် ... သက်သာရဲ့လား "

လို့မေးတယ်။

စကြာဟာ အဖြူရောင်သခင်မကို ငေးစိုက်ကြည့်ရင်း ...

" ကျုပ်က ဘယ်လိုလုပ် ဒီရောက်နေတာလဲ၊

ပထမအကြိမ် သတိပြန်ရတုန်းကလည်း ...

ဗိညာဉ်ဘုံကိုရောက်နေဝယ်၊

အခု ခင်ဗျားရဲ့အိပ်ခန်းထဲ ရောက်နေပြန်ပြီ၊

ကျုပ်တော့ ဘာမှနားမလည်တော့ဘူး၊

ဟောဒီ ဗိညာဉ်ဘုံကို ကျုပ်ကမသေဘဲ

ဘာလို့ ရောက်လာသလဲ ...

ပြီးတော့ ... ဗိညာဉ်ဘုံမှာ

ဘာလို့တိုက်ပွဲဖြစ်သလဲ၊

ကျုပ်တော့ ဘာတစ်ခုမှ နားမလည်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ စိတ်ပျက်စွာ ပြောလိုက်တယ်။

ဒီအခါမှာ အဖြူရောင်သခင်မက ခန်းဆီးစတွေ လွင့်လူးနေတဲ့ ပြတင်းပေါက်ဆီ လျှောက်သွားရင်း ...

“ ဟုတ်တယ် ... ရှင်ဟာ သေဆုံးမှုမရှိဘဲ

ဒီနေရာကို ရောက်လာတယ် ...

ဒါဟာ ဝိညာဉ်ဘုံရဲ့ ရာဇဝင်မှာ

လုံးဝမရှိသေးတဲ့ မှားယွင်းမှုပါ၊

ရှင် ဘာကြောင့်မသေဘဲ ဒီကိုရောက်သလဲ၊

ဒါကိုတော့ ကျွန်မလည်း မပြောတတ်ဘူး၊

ရှင့်ရဲ့ထူးဆန်းတဲ့ ကံကြမ္မာကြောင့်လို့ပဲ

ဆိုရမှာပေါ့ ... ဒါပေမဲ့

ရှင့်အကြောင်းကို ကျွန်မရဲ့အဖေသိရင်

မလွယ်ဘူး ...

ရှင့်ကို သိပ်ကြီးလေးတဲ့အပြစ် ပေးလိမ့်မယ်၊

ရှင် ဘာကြောင့် ကျွန်မအိပ်ခန်းထဲ၊

ရောက်နေသလဲဆိုတော့ ...



ရှင်ဟာ မိစ္ဆာတွေ ဝင်တိုက်တဲ့အချိန်မှာ

နန်းဆောင်တစ်ခုပြိုကျမှုကြောင့် ...

မေ့မြောသွားခဲ့တယ်၊ ရှင်မေ့လဲနေတာတွေ့လို့ ...

ကျွန်မ ကယ်တင်ခဲ့တာပဲ ”

လို့ ဆွဲငင်အားကောင်းတဲ့ အသံနဲ့ရှင်းပြတယ်။

စကြာဟာ အဖြူရောင်သခင်မရဲ့ နောက်ကျောကို ငေးကြည့်ရင်း ...

“ကျုပ် သတိမေ့နေလို့ ကယ်ခဲ့တာတော့ ဟုတ်ပါပြီ၊

ဒါပေမဲ့ ဝိညာဉ်ဘုံသခင်ကြီးက ...

ကျုပ်ကို ဘာလို့ အပြစ်ပေးမှာလဲ၊

ကျုပ်ကိုယ်တိုင်တောင် ဘာမှမသိဘဲ

ဒီနေရာ ရောက်လာရတာဗျ၊

လုံးဝအဓိပ္ပါယ်မရှိဘူးဗျာ ... ”

လို့ မကျေမချမ်းပြောလိုက်တယ်။

ဒီအခါမှာ အဖြူရောင်သခင်မက ဆတ်ခနဲ လှည့်ကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မအဖေကို ဒီလိုမပြောပါနဲ့၊
ဝိညာဉ်ဘုံဟာ အေးချမ်းတယ် ...
လောဘ ... ဒေါသ ... မောဟ ကင်းစင်တယ်၊
ဒီနေရာမှာ လူ့လောကလို အပူတွေမရှိဘူး၊
ရှင့်ကို အပြစ်ပေးမယ်ဆိုတာ ...
ဝိညာဉ်ဘုံရဲ့ ပြဋ္ဌာန်းချက်တစ်ခုကြောင့်ပါ၊
ဘာကြောင့်လဲဆိုတော့ ...
ဝိညာဉ်ဘုံဟာ သာမန်လူသားတွေ
လုံးဝ လာခွင့်မရှိတဲ့နေရာ ဖြစ်နေလို့ပါပဲ "
စကြာက ခေါင်းခါယမ်းလိုက်ရင်း ...
" ဝိညာဉ်ဘုံဆိုတော့ ... ခင်ဗျားတို့က
လူသားတွေမှမဟုတ်ဘဲ ...
ကျုပ် အိမ်ပြန်ချင်တယ်ဗျာ၊
ကျုပ်ကို ပြန်ပို့ပေးပါ"
လို့ တောင်းဆိုလိုက်တယ်။
အဖြူရောင်သခင်မက ပြတင်းပေါက်ကို ကျောမှီရပ်

လိုက်ရင်း ...
" ဒီနေရာက ဝင်ချင်တိုင်း ဝင်ပြီး ...
ထွက်ချင်တိုင်း ထွက်လို့မရဘူးရှင့်၊
နောက်ပြီး ... အခုလောက်ဆို
ရှင့်ရဲ့အိမ်သားတွေဟာ၊ ရှင့်ကိုသေပြီလို့ပဲ
ယူဆကြမှာ ...
ကျွန်မရဲ့ အိပ်ခန်းကရှင့်အတွက်
အလုံခြုံဆုံးပဲ ... ဒီမှာရှင့်အတွက်
စိုးရိမ်စရာမရှိဘူး ...
ခနွာနဲ့ဝိညာဉ် ယှဉ်တွဲနေတာကို
သက်ရှိလူလို့ခေါ်တယ် ... ခန္ဓာနဲ့ဝိညာဉ်
ကင်းကွာသွားတာနဲ့ လူဟာ
သေဆုံးသွားရတာပဲ ...
ရှင့်မှာ ပြန်စရာအိမ်မရှိတော့ဘူး "
လို့ပြောလိုက်တဲ့အခါ စကြာဟာ အကြီးအကျယ် ထိတ်
လန့်သွားပြီး ...

www.burmeseclassic.com

" မဟုတ်ဘူး ... လုံးဝမဖြစ်နိုင်ဘူး၊

ကျုပ်မသေဘူး ... ဘာလို့အိမ်ပြန်လို့မရမှာလဲ၊

ကျုပ်အိမ်ပြန်မယ် ... ရအောင်ပြန်မယ် "

လို့ သွေးရူးသွေးတန်း အော်ဟစ်ရင်း အိပ်ရာပေါ်က ခုန်ဆင်းလိုက်တယ်။

အဖြူရောင်သခင်မက သူ့လက်ကို လှမ်းဆွဲလိုက်ပြီး

" ရှင် ဘာမှမသိဘဲ လျှောက်မပြောနဲ့၊

ဝိညာဉ်ဘုံမှာ ဘုံတံခါး အဆင့်ဆင့်ရှိတယ်၊

တံခါးပေါက်များပြီးဝင်မိရင် ရှင် သေလိမ့်မယ်၊

ကျွန်မ ရှင့်ကို ဒီလောက်ပဲ ပြောနိုင်တယ်၊

ဒီအချိန်မှာ ရှင် အပြင်ထွက်ဖို့မဖြစ်နိုင်ဘူး၊

ကျွန်မပြောတာ နားထောင်ပါ၊

ရှင့်အတွက် အန္တရာယ်သိပ်များတယ် ... "

လို့ စိုးရိမ်တဲ့မျက်ဝန်းနဲ့ ပြောရင်း သူ့လက်ကို ဆွဲကိုင်လိုက်တယ်။

စကြာဟာ အဖြူရောင်သခင်မကို ကြည့်ရင်း ဘာစကား မပြောနိုင်အောင် ဆွံ့အသွားမိတယ်။

နူးညံ့တဲ့အတွေ့အထိ ...

စိုးရိမ်မှုတွေ ယှက်သန်းနေတဲ့မျက်ဝန်း ...

ရဲရဲနီနေတဲ့ နှုတ်ခမ်းအစုံ ...

ဒါတွေအားလုံးဟာ စကြာရဲ့နှလုံးသားကို ညှို့ငင်လိုက်သလိုပါပဲ ...

စကြာဟာ သူမကို အကြာကြီး ငေးစိုက်ကြည့်နေမိတယ်။

သူမက စကြာရဲ့လက်ကို ကိုင်ထားရာက လွှတ်လိုက်ပြီး ...

" ရှင်ဘာကြည့်နေတာလဲ ...

ကျွန်မပြောတာ ကြားရဲ့လား၊

ကျွန်မအဖေဟာ ခုချိန်မှာ

မိစ္ဆာဆိုးတွေရဲ့ ရန်ကြောင့် ...

ခေါင်းမီးတောက်နေရှာတယ်၊

ဝိညာဉ်ဘုံတစ်ခုလုံး မိစ္ဆာဆိုးတွေကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဂယောက်ဂယက် ဖြစ်နေတယ်၊

အခြေအနေတွေ ငြိမ်သက်သွားတဲ့အခါ ...

ရှင့်ကို ကျွန်မ ပြန်လမ်းညွှန်ပြနိုင်မှာပါ၊

ကဲ ... ရှင် အနားယူလိုက်ပါဦး ”

လို့ပြောပြီး အခန်းထဲက ထွက်သွားတယ်။

စကြာတစ်ယောက် အဖြူရောင်သခင်မရဲ့နောက်ကျော ကို ကြည့်ရင်း စိတ်လှုပ်ရှားသွားတယ်။

အရာအားလုံးဟာ သူ့အတွက်အံ့သြဆန်းကြယ်မှုတွေနဲ့ ပြည့်နှက်နေတယ်။

သူကိုယ်တိုင် ဘာတွေဖြစ်နေမှန်း မသိပေမယ့် သေချာ တာက ...

သူမခြေလှမ်းလိုက်တိုင်း ရင်ခုန်သံတွေ ထိန်းမရအောင် ဖြစ်သွားတယ်။

# အပိုင်း (၄)

## ညတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com





**စကြာ** ဟာ ဖဲမွေ့ရာကြီးပေါ် လူးလိမ့်ရင်း နောက်ကြောင်းကို ပြန်တွေးမိတယ်။

သူ့မှာ နေစရာအိမ် ရှိတယ် ...

ဒါပေမဲ့ အဲဒီအိမ်က ဘယ်မှာလဲ ...



သူ့ရဲ့ မိသားစုတွေကရော ဘယ်သူတွေလဲ ...

ဒါတွေအားလုံး ဘာမှ သူစဉ်းစားလို့မရဘူး ...

စဉ်းစားလိုက်တိုင်း ခေါင်းထဲက တဆစ်ဆစ်နဲ့ နာကျင်လာတယ်။

စကြာဆိုတဲ့ နာမည်ကလွဲရင် ဘာမှမမှတ်မိဘူး။

သူဟာ ဖဲမွေ့ရာကြီးပေါ် လူးလိမ့်နေစဉ်မှာပဲ အလွန်သာယာတဲ့ စောင်းသံကို ကြားလိုက်ရတယ်။

လသာဆောင်မှာ ကျောပေးထိုင်နေတဲ့ အဖြူရောင်သခင်မ ...

စောင်းသံက သူမရဲ့စကားသံလိုပဲ သူ့စိတ်ကို ဆွဲယူညို့ငင်နေသလို ခံစားရတယ်။

သူ့ရဲ့ခြေထောက်တွေက အဖြူရောင်သခင်မရှိရာ အလိုလို လျှောက်သွားမိတယ်။

သူဟာ စောင်းတီးခတ်နေတဲ့ အဖြူရောင်သခင်မရဲ့ နောက်မှာရပ်ရင်း စောင်းသံကို တိတ်တဆိတ်နားစွင့်နေမိတယ်။

မြူနှင်းငွေ့တွေကြားမှာ စောင်းတီးခတ်နေတဲ့ အဖြူရောင်

www.burmeseclassic.com

www.burmeseclassic.com



သခင်မရဲ့ ပုံရိပ်ကနုတ်သမီးလေးတစ်ပါးလိုပါပဲ ...

သူဟာ မတ်တတ်ရပ်နေရာက ထိုင်လိုက်ပြီး စောင်းသံကို နားထောင်မိတယ်။

လေနှင့်အတူလွင့်ပျံနေတဲ့ သခင်မရဲ့ဆံနွယ်တွေက သူ့မျက်နှာကို ရိုက်ခတ်လာတယ်။

သူမရဲ့ဆံနွယ်စတွေကို တိတ်တဆိတ် နမ်းရှိုက်ရင်းရင်ဒိန်းဒိန်းခုန်သွားတယ်။

သူ့စိတ်ဟာပေါ့ပါးပြီး လေဟာနယ်ထဲလွင့်မျောနေသလို ခံစားနေရတယ်။

ဒီအချိန်မှာပဲ စောင်းသံရပ်သွားပြီး ...

" ခွင့်မတောင်းဘဲ ဆံပင်တွေကို၊

နမ်းရှုပ်နေတာရှင် မရက်ဘူးလားဟင် "

သူဟာ သခင်မရဲ့အသံကြောင့် အိပ်မက်က လန့်နိုးသူပမာ ခံစားလိုက်ရတယ်။

" ဗျာ ... ဟို ... ကျုပ်လေ ... "

သူ့ရဲ့ ယောင်အအစကားကြောင့် အဖြူရောင် သခင်မက ပြုံးရယ်လိုက်ရင်း ...

"ရှင့်အတွက် အလုံခြုံဆုံးက၊

ကျွန်မရဲ့အခန်းပဲလေ၊

ရှင် ခုလို အပြင်ထွက်နေတာ၊

နန်းဆောင်က အမှုထမ်းတွေမြင်သွားရင်

မကောင်းဘူး ... ရှင် အထဲဝင်ပါတော့"

အိပ်ခန်းဆောင်ထဲပြန်ဝင်တဲ့အခါ သူ့လက်ဖျားတွေအေးစက်ပြီး အာခေါင်တွေခြောက်နေသလို ခံစားရတယ်။

ဒါကြောင့် ရေတကောင်းတစ်ခုထဲက ရေကိုငှဲ့ပြီးအငမ်းမရ မော့ချလိုက်တယ်။

အဖြူရောင် သခင်မကလည်း ညင်သာတဲ့ခြေလှမ်းတွေနဲ့ အိပ်ခန်းဆောင်ထဲဝင်လာပြီးလသာဆောင်ရဲ့တံခါးကို ပိတ်လိုက်တယ်။

သူဟာ လူမိသွားတဲ့သူခိုးလို သခင်မနဲ့ မျက်နှာချင်းမဆိုင်ဝံ့လောက်အောင် ဖြစ်နေမိတယ်။

အဖြူရောင်သခင်မက ကော်ဇောခင်းထားတဲ့ဖုံတစ်ခုမှာ

www.burmeseclassic.com



ထိုင်ရင်း ...

" ရှင် ဘယ်ကလာသလဲ ... ရှင့်နေရပ်ကိုသိရင် ကျွန်မ

ကူညီနိုင်ပါတယ် "

လို့ မေးတယ်။

သူဟာ လှုပ်ရှားနေတဲ့ စိတ်ကိုထိန်းရင်း ...

" ကျုပ်နာမည်ကို သိတယ် ...

ကျုပ် မသေဘူးဆိုတာလည်း သိတယ်၊

ဒါပေမဲ့ ... ကျုပ် ဘယ်ကလာသလဲ၊

ကျုပ်ရဲ့အိမ် ... မိသားစု ... ဘာမှမသိဘူး၊

လုံးဝစဉ်းစားလို့ မရဘူးဖြစ်နေတယ်ဗျာ"

လို့ ပြောလိုက်တယ်။

သူ့စကားကြောင့် အဖြူရောင်သခင်မဟာ အံ့သြသွားသ

လိုပုံနဲ့ ...

" ဟင့် ... ဒါဆို ကျွန်မက ရှင့်ကို၊

ဘယ်ပြန်ပို့ပေးရမှာလဲ၊

ဝိညာဉ်ဘုံရဲ့ မှတ်တမ်းတော်မှာ၊



ရှင့်နာမည်နဲ့နေရပ်ကို ရှာပြီးတော့မှ၊

ပြန်ပို့လို့လွယ်မှာ ... ဒီအတိုင်းဆို

ဘယ်လိုလုပ်မလဲ "

လို့ ရေရွတ်လိုက်တယ်။

သူက မဝံ့မရဲအမူအရာနဲ့ အဖြူရောင်သခင်မကို မျက်

လုံးချင်းဆုံအောင်ကြည့်ရင်း ...

" ကျုပ် ... ကျုပ်ခေါင်းထဲမှာ

မှုန်နှောက်နေသလို ခံစားရတယ် ...

ဟောဒီ ဝိညာဉ်ဘုံကို စရောက်ကတည်းက

ကျုပ်ခံစားနေရတာပဲ ...

အချိန်ယူပြီး စဉ်းစားကြည့်ရင်တော့၊

မှတ်မိမယ်ထင်ပါတယ်၊ ဒါနဲ့ ...

ဟောဒီ ဝိညာဉ်ဘုံဟာ ဘယ်နေရာမှာရှိတာလဲ"

လို့ မေးလိုက်မိတယ်။

အဖြူရောင်သခင်မက သူ့ကို စူးစိုက်ကြည့်ရင်း တစ်

ခဏ ငြိမ်သက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ … သက်ပြင်းဖြည်းဖြည်းချရင်း

“ ဝိညာဉ်ဘုံဟာ … လူသားတွေနဲ့၊

ကောင်းကင်ဘုံရဲ့ကြားနေရာ …

တစ်ခုလို့မှတ်ထားတာ၊

ရှင့်အတွက် အကောင်းဆုံးပါပဲ …

အခုဆို နန်းတော်တွေရဲ့ အပြင်ဘက်မှာ၊

မိစ္ဆာတွေ ရောက်နေကြတယ် …

ဝိညာဉ်ဘုံရဲ့ စိတ်လှုပ်ရှားစရာအကောင်းဆုံးနဲ့၊

စိတ်ရှုပ်ထွေးစရာ အကောင်းဆုံး အချိန်တစ်ခုပေါ့”

လို့ ပြောတဲ့အခါ စကြာက …

“ မိစ္ဆာ ဆိုတာ ဘယ်သူတွေလဲ၊

သူတို့က ဘာကြောင့် အန္တရာယ်ပြုချင်ရတာလဲ ”

သူ့ရဲ့အမေးကြောင့် အဖြူရောင်သခင်မရဲ့မျက်လုံးတွေ

အရောင်ပြောင်းသွားတယ်။

တင်းမာမှုတွေ … ကြေကွဲဝမ်းနည်းမှုတွေဟ သခင်မရဲ့

မျက်လုံးမှာ ထင်ဟပ်နေတယ် …



“ အဓိကကတော့ … ကျွန်မကြောင့်ပါပဲ၊

ကျွန်မရဲ့ဖခင်ဟာ ကျွန်မကို၊

မြင့်မြတ်တဲ့ဘုံသားတစ်ယောက်နဲ့

လက်ထပ်ပေးပြီး ဝိညာဉ်ဘုံရဲ့အနာဂတ်ကို …

ပြောင်းစေချင်တဲ့ဆန္ဒရှိတယ်၊

ဒါကြောင့် … ဝိညာဉ်ဘုံမှာရှိတဲ့၊

ဘုံအသီးသီးကို သဝဏ်လွှာပို့ပြီး၊

ခင်ပွန်းလောင်းရွေးချယ်ပွဲကို ကြေညာခဲ့တယ် …

အဖေဟာ အဝေးမှာရှိတဲ့၊

ဘုံသားတွေအတွက် ကျွန်မရဲ့

ပုံတူပန်းချီကားကို … သားရေပြားစပေါ်မှာ

ရေးဆွဲပြီး ပို့လွှတ်ခဲ့တယ် …

ကျွန်မရဲ့ ပုံတူတစ်ချပ်ဟာ၊

မြစ်ချောင်းတစ်ခုထဲ မျောပါပြီး၊

နတ်ဆိုးဘုံကို ရောက်သွားခဲ့တယ် …

အဲ့ဒီမှာ ရေချိုးဆင်းလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



နတ်ဆိုးခေါင်းဆောင်ဟာ၊

ပုံတူကားချပ်လေးကို တွေ့သွားတယ် ...

သူဟာ ကျွန်မရဲ့ ပုံတူကားချပ်လေးကို၊

မြင်တွေ့ပြီး ချက်ချင်းဆိုသလို၊

ဝိညာဉ်ဘုံကို ရောက်လာတယ်၊

ကျွန်မရဲ့ ဖခင်ကြီးနဲ့တွေ့ဆုံပြီး ...

ကြင်ရာရွေးချယ်ပွဲကို ရပ်ပစ်ဖို့ပြောတယ်၊

ပြီးတော့ ... ကျွန်မကို သူနဲ့ လက်ထပ်

ရမယ်လို့လည်း ပြောတယ်၊ ကျွန်မရဲ့

ဖခင်ဟာ ဒီစကား ကြားကြားချင်းမှာတော့ ...

အလွန်ဒေါသထွက်သွားတယ်၊

ဒါပေမဲ့ ... ဝိညာဉ်ဘုံဆိုတာ၊

သွေးချောင်းစီးတဲ့နေရာမဟုတ်ဘူး ...

ဒီနေရာမှာ တိုက်ပွဲမရှိသလို ...

ဒေါသ မာန်မာနတွေလည်း မရှိရဘူး၊

ဒါကြောင့် ... အဖေက အလိမ္မာသုံးပြီး၊





လေးဆယ့်ငါးရက်ပြည့်ရင်

အကြောင်းပြန်ပါ့မယ်လို့၊

နတ်ဆိုးခေါင်းဆောင်ကို ပြောလိုက်တယ်၊

ရှင်ရောက်လာတဲ့နေ့က ...

လေးဆယ့်ငါးရက်တိတိ ပြည့်တဲ့နေ့ပါပဲ၊

ဖခင်ရဲ့ ငြင်းပယ်ချက်ကြောင့် ...

မိစ္ဆာတွေဟာ ဝိညာဉ်ဘုံကို ဝင်ပြီးတိုက်ခိုက်ကြတယ်၊

မိစ္ဆာခေါင်းဆောင်ရဲ့လုပ်ရပ်ကြောင့်၊

ကျွန်မရဲ့ကြင်ရာရွေးချယ်ပွဲလည်း၊

ပျက်ပြားခဲ့ရတယ် ...

မိစ္ဆာခေါင်းဆောင်ဟာ ဘယ်လောက်ထိ

ယုတ်မာသလဲဆိုရင် ...

ကျွန်မကိုချစ်ကြိုက်တဲ့ ယောကျ်ားမှန်သမျှ

အရှင်မထားဘူးလို့ ... ကြွေးကြော်ခဲ့တယ်၊

ဘုံသားတွေ အားလုံးဟာ

ဗုဒ္ဓရဲ့အဆုံးအမတရားကို နှလုံးသွင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းစွာ နေထိုင်ကြတဲ့လူတွေပါ ...
အေးချမ်းမှုဟာ ရှန့်ရှင်းကြမ်းတမ်းမှုနဲ့ ...
ယှဉ်ပြိုင်လို့ဘယ်လိုမှ မရနိုင်ပါဘူး၊
မီးဟာရေနဲ့တွေ့ရင် ငြိမ်းနိုင်ပေမယ့် ...
မီးရဲ့အပူကတော့ ရေကို ထိတွေ့သွားတာပါပဲ ...
ဘုံသားတွေက မိစ္ဆာဆိုးရဲ့ရန်ကို
အမြန်ဆုံး ဖြေရှင်းပေးဖို့ ကျွန်မရဲ့
ဖခင်ကို တောင်းဆိုလာကြတယ်၊
မိန်းမတစ်ယောက်ကြောင့် ...
အေးချမ်းနေတဲ့ဝိညာဉ်ဘုံတစ်ခုလုံး၊
အပျက်မခံနိုင်ဘူးလို့လည်း ... ပြောလာကြတယ်၊
ဘုံသားတွေရဲ့ ဆန္ဒက ...
ကျွန်မကို မိစ္ဆာဆိုးလက်ထဲ
ထည့်စေချင်ကြတယ်လေ ... "
လို့ ရှင်းပြရှာတယ်။
သူဟာ အဖြူရောင်သခင်မရဲ့စကားကို နားထောင်ရင်း



မကျေနပ်စိတ်တွေ လှိုက်တက်လာတယ်။
" ဟာဗျာ ... အဓိပ္ပါယ်မရှိလိုက်တာ၊
မိစ္ဆာတွေက ဝိညာဉ်ဘုံသားတွေရဲ့
အေးချမ်းမှုကို အခွင့်ကောင်းယူပြီး၊
သက်သက်မဲ့ အနိုင်ကျင့်နေတာဗျ ...
ဒီအတိုင်းဆိုခင်ဗျား ... မိစ္ဆာခေါင်းဆောင်နဲ့
လက်ထပ်ရမှာပေါ့ ... "
သူ့ရဲ့စကားကြောင့် သခင်မက မျက်လွှာအသာချရင်း
" ဟုတ်ပါတယ် ... ကျွန်မဟာ မိစ္ဆာခေါင်းဆောင်ကို
လက်ထပ်ရလိမ့်မယ် ... အခု သူတို့၊
နန်းတော်ထဲ ဝင်လို့မရလို့သာ
ငြိမ်သက်နေကြတာရှင် ... "
လို့ ပြောတဲ့အခါ သူက အံ့ဩဟန်နဲ့ ...
"ဟင် ... သူတို့က ဘာလို့ နန်းဆောင်ထဲ
ဝင်မရတာလဲ"
သူ့အမေးကြောင့် သခင်မက ...

www.burmeseclassic.com

www.burmeseclassic.com


" ကျွန်မတို့ရဲ့ ဝိညာဉ်နန်းဆောင်ဟာ

ဘိုးဘွားလက်ထက်တည်းက ...

အစီအရင်တွေနဲ့ တည်ဆောက်ခဲ့တဲ့

နန်းတော်ဖြစ်တယ် ... မြင့်မြတ်အေးချမ်းတဲ့

ဝိညာဉ်နန်းဆောင်ထဲကို နတ်ဆိုးဝင်လို့မရဘူး၊

ဒါပေမဲ့ ဒါဟာ တစ်ခဏအတွက်ပါ ...

နန်းဆောင်ကို ဝင်ရမယ့် နည်းလမ်း၊

သူတို့တွေ့သွားရင်တော့ ... "

လို့ပြောရင်း မျက်ရည်ပိုးပိုးပေါက်ပေါက် ကျလာတယ်။

စကြာဟာ သခင်မကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွား

မိတယ်။

သခင်မရဲ့ မျက်ရည်တွေကို တယုတယ သုတ်ပေးမိရင်း

" ကျုပ်တို့ဖြေရှင်းနိုင်မယ့် နည်းလမ်းရှိမှာပါ ...

ကျုပ် ခင်ဗျားကို မကောင်းဆိုးဝါးကောင်

လက်ထဲ လုံးဝ အပ်မပေးနိုင်ဘူး၊

ကျုပ် ... ကျုပ် ... ခင်ဗျားကို"



လို့ ကတုန်ကယင် ပြောလိုက်တဲ့အခါ ...

အဖြူရောင်သခင်မက မျက်လုံးရွဲကြီးတွေနဲ့ စိုက်ကြည့်

ရင်း ...

" ရှင်ဘာပြောမလဲဆိုတာ ကျွန်မ သိပေမယ့်၊

ကျွန်မဟာ မကြာခင်မှာ ...

မိစ္ဆာနတ်ဆိုးနဲ့ လက်ထပ်ရတော့မယ်"

လို့ လေးတွဲ့တွဲ့အသံနဲ့ ရေရွတ်တယ်။

သူက သခင်မရဲ့ နှုတ်ခမ်းအစုံကို လှမ်းပိတ်လိုက်ရင်း

" ကျုပ် ... ကျုပ် ခင်ဗျားကို မြင်မြင်ချင်း

သိပ်ချစ်မိသွားတယ် ...

ဘဝအဆက်ဆက် ဆုတောင်းကြောင့်လား ...

ဒါမှမဟုတ် ... ထူးဆန်းတဲ့ သံယောဇဉ်ကြောင့်

လားမသိဘူး ... ခင်ဗျားဟာ

ကျုပ်ရင်ထဲက အသည်းနှလုံးကို ...

ဖမ်းစားနိုင်သူပါ ... "

လို့ မျက်လုံးမှိတ် ပြောချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ သခင်မရဲ့ကိုယ်လေးကို သိမ်းကြုံးဆွဲယူပြီး ပွေ့ဖက်ထားမိတယ်။

သခင်မဟာ သူ့ရင်ခွင်ထဲ ငြိမ်သက်နေရှာတယ်။

တဒိန်းဒိန်းခုန်နေတဲ့ ရင်ခုန်သံနဲ့အတူ သူ့တစ်ကိုယ်လုံး သွေးတွေဆူပွက်လာသလို ခံစားလိုက်ရတယ်။

ရင်ခွင်ထဲကနေ မော့ကြည့်နေတဲ့ သခင်မရဲ့ မျက်နှာလေး ...

သူမရဲ့ကိုယ်လေးကို ဖိပွေ့ရာပေါ် အသာလှဲချမိချိန်မှာတော့ ...

လှုပ်ရှားနေတဲ့ သူ့လက်အစုံအောက် သူမရဲ့ကိုယ်လေး လူးလွန့်သွားတယ်။

ပြတင်းမှ တိုးဝင်လာတဲ့ လေပြည်နဲ့အတူ နှစ်ဦးသား အဆုံးအစမဲ့တဲ့ လေဟာနယ်ထဲ မျောလွင့်သွားသလို ခံစားလိုက်ရတယ် ...

BURMESE CLASSIC

# အပိုင်း (၅)

## ဓွေးနက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



**သခင်မ** ရဲ့ ညည်းတွားရှိုက်သံတွေ အိပ်ခန်းဆောင်ထက် ပျံ့လွင့်နေချိန် ...

" ဒေါက် ... ဒေါက် ... ဒေါက် "

တံခါးခေါက်သံက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်တယ်။



သခင်မက ဖရိုဖရဲဖြစ်နေတဲ့ အဝတ်အစားကိုပြုပြင်ပြီး သူ့ကို စားပွဲကြီးတစ်ခုအောက် ဝင်ပုန်းစေတယ်။

သူမဟာ ကညင်ဆီမီးခွက်ကို ထွန်းညှိရင်း တံခါးရှိရာ လျှောက်သွားတယ်။

ဝတ်ရုံဖြူဝတ်အမျိုးသမီးသုံးဦးက သူမကို ဦးညွှတ်အရိုအသေပြုရင်း ...

" သခင်ကြီးက အမှာတော်ပါးလိုက်ပါတယ်

သခင်မလေး ...

နန်းဆောင်ရဲ့အပြင်ဘက်မှာ၊

မိစ္ဆာတပ်တွေဟာ၊

ဘီလူးသဘက်လို ဆိုးသွမ်းပြီး ...

အင်မတန်ကြောက်စရာကောင်းတဲ့ ...

ခွေးနက်ကြီးတွေ လွှတ်ထားပါတယ်၊

ခွေးနက်ကြီးတွေဟာ လူကို တစ်ခဏတွင်း၊

အရိုးဖြစ်အောင် ကိုက်ဖျက်နိုင်တဲ့ အစွမ်းလည်း ရှိပါတယ်၊ ဒါကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



နန်းဆောင်ရဲ့အပြင်ဘက် မထွက်ဖို့၊

သခင်ကြီးက အမိန့်တော်ချလိုက်ပါတယ်"

လို့ ပြောလာတယ်။

စကြာဟာ ပုန်းအောင်းနေရာက သူတို့ရဲ့စကားတွေ

အတိုင်းသား ကြားနေရတယ်။

သူတို့ ပြန်ထွက်သွားတော့မှ စားပွဲကြီးအောက်က ထွ

ရင်း ...

" ခွေးနက်ကြီးတွေက ဒီလောက်တောင်၊

ကြောက်ဖို့ ကောင်းသလား၊ ကျုပ်တော့ ...

မြင်သမျှ ကြားသမျှတွေဟာ၊ အထူးအဆန်းချည်း

ဖြစ်နေပြီ ... "

သခင်မက သူ့ကို သိုင်းဖက်လိုက်ရင်း ...

" စကြာ ... ရှင့်ကို ကျွန်မ ရင်ထဲမှာ

နင့်နေအောင်ချစ်မိနေပြီ၊ ဒါပေမဲ့ ...

ရှင်ဟာလူသားတစ်ယောက်ဖြစ်နေသလို ...

ကျွန်မဟာလည်း မကြာခင် မိစ္ဆာနဲ့



လက်ထပ်ရတော့မှာဖြစ်တယ်၊

ခွေးနက်ကြီးတွေရဲ့ အန္တရာယ်ထက်၊

ကျွန်မတို့ရဲ့ ခွဲခွာခြင်းက ပိုပြီး

ကြောက်ဖို့ကောင်းပါတယ် ... "

လို့ တုန်ယင်တဲ့အသံနဲ့ ပြောတယ်။

သူက သခင်မကို တင်းကျပ်စွာပွေ့ဖက်ရင်း သက်ပြင်း

ချလိုက်မိတယ်။

သူ့ရဲ့ လူ့ဘဝအခြေအနေ ...

ပြီးတော့ ... အဖြူရောင်သခင်မရဲ့ သိပ်စွဲမက်ဖို့ကောင်း

တဲ့အတွေ့အထိ ... ခံစားမှု ...

ဒါတွေအားလုံးဟာ ဝိုးတဝါးအိပ်မက်လို ခံစားနေရပေ

မယ့် ...

သူ့စိတ်က သခင်မကို အစွဲကြီးစွဲနေမိပြီ ...

ချစ်သူကို သူတစ်ပါးလက်အပ်ရမယ့် အရေးက

နှလုံးသားပေါ် သံပူရည်လောင်းချလိုက်သလိုပါပဲ ...

အတွေးနဲ့ငြိမ်သက်နေတဲ့ သူ့ကိုသူမက ...

www.burmeseclassic.com

www.burmeseclassic.com


" ဘာတွေတွေးနေတာလဲ စကြာ ...

ပြောတာကြားရဲ့လား ... "

လို့ သူ့လက်ကို ဆွဲကိုင်လှုပ်ရင်းမေးတယ်။

" ကြားပါတယ် ဒေဝီရယ် ...

ကျုပ် ဒေဝီနဲ့ဝေးရမယ့်အရေး တွေးပြီး၊

အသက်ရှူရပ်မတတ် တုန်လှုပ်နေမိတယ် ... "

သူ့ရဲ့စကားကြောင့် သခင်မဟာ လှုပ်လှုပ်ရှားရှား ဖြစ်

သွားပြီး ...

" ဟင် ... ရှင် ... ကျွန်မကို၊

ဘယ်လိုခေါ်လိုက်တယ်၊ ဒေဝီ ဟုတ်လား ...

သိပ်ထူးဆန်းတယ် ...

ရှင့်ကိုမပြောဖြစ်တဲ့ အကြောင်းထဲမှာ၊

ကျွန်မနာမည်လည်းပါတယ် ...

ဝိညာဉ်ဘုံတစ်ခုလုံး ကျွန်မကို၊

အဖြူရောင်သခင်မ လို့ခေါ်ကြပေမယ့် ...

ကျွန်မရဲ့နာမည်က မိုးနတ်ဒေဝီရှင့် ... "

စကြာကသူမနဲ့ မျက်နှာချင်း ထိလုမတတ် တိုးကပ်

လိုက်ရင်း ...

" ဒါတွေ ကိုယ်မသိဘူး ဒေဝီရယ် ...

ရင်ထဲမှာ မင်းကို ဒေဝီလို့ ခေါ်ချင်တာပဲသိတယ်၊

ကိုယ့်ချစ်သူဟာ နတ်မိမယ်ဒေဝီတစ်ပါးလို၊

လှပလွန်းလို့ ခေါ်မိတာပါ ...

ကျုပ် ... ဒေဝီကို နတ်မိစ္ဆာတွေရဲ့လက်ထဲ

လုံးဝမထည့်နိုင်ဘူး ...

ကျုပ် ဒင်းတို့နဲ့ ရင်ဆိုင်ရလိမ့်မယ် ဒေဝီ"

ဒေဝီက သက်ပြင်းရှိုက်ရင်း ...

" မဖြစ်နိုင်ဘူး စကြာ ...

နတ်ဆိုးကို ဘယ်လိုမှ ရင်ဆိုင်လို့မရဘူး၊

နတ်ဆိုးဟာ သိပ်ရက်စက်တယ်၊

ကောက်ကျစ်စဉ်းလဲတယ် ...

ရှင်က ယောကျ်ားဖြစ်ပေမယ့်

အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်လိုပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့်လည်း ...

ရှင့်ကိုစတွေ့တွေ့ချင်း၊ ကျွန်မ အရူးအမူး

ရင်ခုန်ခဲ့မိဟာ ... ”

သူမရဲ့မျက်ဝန်းအကြည့်ထဲ အချစ်ဆိပ်ပြည့်လျှမ်းနေတဲ့ တပ်မက်မှုကိုမြင်နေရတယ်။

သူဟာ ဒေဝီ့ရဲ့မျက်နှာလေးကို ဆွဲယူပြီး တရှိုက်မက်မက် နမ်းရှုပ်ဖို့ကြိုးစားလိုက်တယ် ...

“ ဒေါက် ... ဒေါက် ... ဒေါက် ”

တံခါးခေါက်သံ တိတ်ဆိတ်မှုကိုဖြိုလိုက်တဲ့ တံခါးသံကြောင့် သူမ သက်ပြင်းငွေ့ငွေ့ချရင်း တံခါးဖွင့်ဖို့ ပြင်လိုက်တယ်။

စကြာ စားပွဲကြီးအောက် ပုန်းပြီးချိန်မှာတော့ ဒေဝီက တံခါးဖွင့်လိုက်တယ်။

အမှုထမ်းမိန်းကလေးတစ်ယောက်က ဒေဝီကို အရိုအသေပြုရင်း ...

“ သခင်မလေးကို သခင်ကြီးခေါ်နေကြောင်း သတင်းပို့ပါတယ် ”



လို့ ပြောသံကြားလိုက်ရတယ်။

အမှုထမ်းမိန်းကလေး ထွက်သွားတဲ့အခါ စားပွဲခုံနား သူမ လျှောက်လာပြီး ...

“ ကျွန်မကိုခေါ်နေပြီ ... ကျွန်မသွားတဲ့အခါ ရှင် လုံးဝ အခန်းပြင် မထွက်ပါနဲ့ ”

လို့ ပြောတယ်။

စကြာက စားပွဲခုံကြီးအောက်က ထွက်ရင်း ...

“ ကျုပ်တစ်ယောက်တည်း နေလို့ ဖြစ်ပါ့မလား၊ ဒါမှမဟုတ် ... စားပွဲအောက်ပဲ ပုန်းနေရမလား၊ တော်ကြာ ... ဒေဝီမရှိတုန်း၊ တစ်ယောက်ယောက်ဝင်လာရင် မလွယ်ဘူးဗျ ... ”

လို့ပြောတဲ့အခါ ဒေဝီက ...

“ ရှင် ပုန်းစရာ မလိုပါဘူး၊ ကျွန်မ မရှိရင် ... ဘယ်သူမှ ဒီအခန်းထဲ မဝင်ဘူး၊ စိတ်ချသာနေ၊ ဒါပေမဲ့ ... ရှင် အပြင် လုံးဝ မထွက်ရဘူးနော် ”

www.burmeseclassic.com

လို့ပြောပြီး အပေါ်ဝတ်ရုံကိုလွှမ်းခြုံရင်း အိပ်ခန်းဆောင်ထဲက ထွက်သွားတော့တယ် ...

# အပိုင်း (၄)

## အဆိပ်များ

www.burmeseclassic.com

www.burmeseclassic.com

စကြာဟာ ဒေဝီမရှိတဲ့အချိန်မှာ ပြတင်းတံခါးဝရပ်ရင်း အပြင်ကို ငေးမျှော်ကြည့်မိတယ်။

တိမ်စိုင်လို အခိုးအငွေ့တွေရဲ့ကြား လှပတဲ့ ပန်းဥယျာဉ်တစ်ခု၊ အရောင်အသွေးစုံလင်တဲ့ ပန်းပွင့်တွေက စီရရီ ...



ပန်းရောင်စုံပေါ် ခိုနားပြီး ဝတ်ရည်စုပ်နေတဲ့ ပျား၊ ပိတုန်း၊ လိပ်ပြာလေးတွေ ...

အရာအားလုံးဟာ သိပ်ကို ကဗျာဆန်လွန်းနေတယ် ...

သူ့ရင်ထဲမှာတော့ မိုးနတ်ဒေဝီကို ချစ်သူအဖြစ် ရရှိတဲ့အတွက် ကြည်နူးမိပေမယ့် ...

သူ့ဘဝနောက်ကြောင်းက ဘာမှမသဲကွဲဘူး ...

စကြာဆိုတဲ့သူဟာ ... သေဆုံးမှုမရှိဘဲ ဘာကြောင့် ဝိညာဉ်ဘုံကို ရောက်ခဲ့သလဲ ...

ဒီအကြောင်းတွေးမိတိုင်း ခေါင်းထဲကိုက်ခဲသလို ခံစားရတယ် ...

ပြတင်းပေါက်မှာရပ်ပြီး အတွေးနယ်ရဲ့စဥ်မှာပဲ အိပ်ခန်းဆောင်ရဲ့ အမိုးပေါ်က ...

" ဖျပ် ... ဖျပ် ... ရွှတ် "

ဆိုတဲ့အသံ ကြားလိုက်ရတယ်။

ဒါ့ကြောင့် လေသာဆောင်ဘက်ထွက်ပြီး ခေါင်းမိုးပေါ် မော့ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းသဏ္ဌာန် လူရိပ်တစ်ခု ...

ခေါင်မိုးပေါ်ကနေ လှစ်ခနဲ ပျံသန်းသွားသလို ...

ဒီအချိန်မှာပဲ လူရိပ်က နောက်ပြန်လှည့်ကြည့်ရင်း သူ့ကို တွေ့သွားတယ်။

လေထက်မြန်တဲ့နှုန်းနဲ့ သူ့ဆီ အရာတစ်ခုကျလာတယ်။

သူလည်း အလျင်အမြန် ရှောင်တိမ်းလိုက်ရတယ်။

ဒီအခါ သူ့ဆီကျလာတဲ့ အရာလေးဟာ ပြတင်းတံခါးပေါင်ကို သွားစိုက်ပြီး ...

ရှဲ ... ခနဲ အသံထွက်သွားတယ်။

မြှားတံလေး တစ်ချောင်း ...

ဒါပေမဲ့ ... ရိုးရိုးမြှား မဟုတ်ဘူး။

မြှားထိပ်မှာ အဆိပ်ရည် ဆွတ်လူးထားတယ်။

အထိတ်တလန့်နဲ့ အဆိပ်မြှားကို စိုက်ကြည့်နေစဉ် ဒေဝီ ပြန်ရောက်လာတယ် ...

သူမမျက်နှာဟာ ပြုံးတော့မယ့်မိုးလို ဖြစ်နေတာ သတိပြုမိလိုက်တယ် ...



ဒါ့ကြောင့် အဆိပ်မြှားအကြောင်းမပြောဘဲ ...

" ဘာဖြစ်တာလာလဲ ဒေဝီ၊

သခင်ကြီးကဘာပြောလိုက်သလဲ၊

နတ်ဆိုးနဲ့ ယူရတော့မယ်တဲ့လား"

လို့ စိုးရိမ်တကြီး မေးလိုက်တဲ့အခါဒေဝီက ...

" မဟုတ်ဘူး စကြာ ...

ဝိညာဉ်ဘိုးဘိုးရဲ့ တိုင်တန်းမှုကြောင့်၊

ရှင် ဝိညာဉ်ဘုံကိုရောက်နေတာ၊

အဖေသိသွားပြီ ... ရှင့်သတင်းကို၊

တပ်သားတွေလွှတ်ပြီး တိတ်တဆိတ်

စုံစမ်းနေကြတယ်၊ ကျွန်မတော့

ရင်မောမိတယ် စကြာရယ် "

လို့ ပြောတယ်။

" ဝိညာဉ်ဘိုးဘိုးဆိုတာ ဘယ်သူလဲ ...

သူကဘာလို့ ကျုပ်ရောက်နေတာ၊

သိသွားရတာလဲ "

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကြောင့် ဒေဝီက ...

" ဝိညာဉ်ဘိုးဘိုးဆိုတာ ...

ရှင် ဝိညာဉ်ဘုံကို ရောက်ရောက်ချင်း

တွေ့ခဲ့ရတဲ့ အဘိုးအိုပါပဲ ...

ရှင့်မှာ အန္တရာယ်ရှိနေပြီ စကြာ ...

ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ ... "

လို့ စိုးရိမ်တကြီး မေးလာတယ်။

သူက သက်ပြင်းချရင်း ...

ကျုပ်မှာတင် အန္တရာယ်ရှိတာမဟုတ်ဘူး ဒေဝီ၊

ဒေဝီ့မှာလည်း အန္တရာယ်ရှိနေပြီ ... "

လို့ အစချီပြီး အဆိပ်မြားအကြောင်း ပြောပြလိုက်တယ်။

ဒေဝီက ပြတင်းတံခါးမှာ စိုက်ဝင်နေတဲ့အဆိပ်မြားကို ကြည့်ပြီး ...

" ဟုတ်တယ် စကြာ ... ဒါဟာ

နတ်ဆိုးတွေရဲ့ မြားတံပဲ၊



ခင်းတို့ နန်းဆောင်ထဲ ဝင်လာပြီ ...

ဒုက္ခပါပဲရှင် ... "

လို့ စိတ်ပျက်သံနဲ့ ညည်းညူလိုက်တယ်။

သူက ဒေဝီ့ကို ရင်ခွင်ထဲ ဆွဲပွေ့လိုက်ရင်း ...

" ဘာတတ်နိုင်မလဲ ဒေဝီ ...

အရာအားလုံးဟာ ဖြစ်ချိန်တန်လို့ ဖြစ်နေပြီပဲ ...

ကျုပ်တို့ လုပ်စရာရှိတာ အမြန်ဆုံးလုပ်ရမှာပေါ့၊

စွန့်စားမှ ရလိမ့်မယ်"

လို့ ပြောလိုက်တယ်။

ဒေဝီက စိတ်လှုပ်ရှားစွာနဲ့ သူ့ကိုမော့ကြည့်ရင်း

" ဒါဆို ... ဒေဝီတို့ ဘာလုပ်ကြမလဲ "

လို့ မေးလာတဲ့အခါ သူက ...

" ကျုပ် ... ဒေဝီ့ကိုခေါ်ပြီး ထွက်ပြေးမယ်၊

ဒါဟာ ကျုပ်ရဲ့ ဆုံးဖြတ်ချက်ပဲ ...

ကိုယ့်ချစ်သူကို ဘယ်သူက သူများလက်ထဲ

အပ်ခဲ့နိုင်မလဲ ဒေဝီရယ် ... "

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီက ရင်ခွင်ထဲကနေ ရုန်းဖယ်ထွက်ရင်း ..
" မဖြစ်နိုင်ဘူး စကြာ ...
ဝိညာဉ်ဘုံဟာ ကျဉ်းကျဉ်းလေးပါ၊
ဒီနေရာဟာ အဝင်ခက် ... အထွက်ခက်တဲ့
နေရာပါ၊ ဒေဝီတို့ ဘယ်လိုမှ
မထွက်နိုင်ပါဘူး ... ပြီးတော့ ...
နန်းဆောင်ရဲ့ အပြင်မှာ
မိစ္ဆာ နတ်ဆိုးတွေရှိတယ် ...
သူတို့ရဲ့ လူသားစား၊ ခွေးနက်ကြီးတွေလည်း
ရှိသေးတယ် ... ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"
လို့ ငြင်းဆန်စကား ဆိုတယ်။
ဒေဝီစကားကြောင့် မချင့်မရဲဖြစ်သွားပြီး ...
" စစ်မရောက်ခင် မြားကုန်တဲ့စကား၊
မပြောပါနဲ့ ဒေဝီ ...
ဒေဝီ ကျုပ်ကို ချစ်တယ်မဟုတ်လား၊
ကျုပ်တို့ ခွဲနိုင်လို့လား၊ ထွက်ပြေးဖို့ကလွဲရင်



တခြား ဘာလမ်းမှမရှိဘူး ...
ကျုပ်က ဟော့ဒီ အိပ်ခန်းဆောင်ထဲ ထိုင်ပြီး၊
ဒေဝီ မိစ္ဆာဆိုးလက်ထဲ ပါမယ့်အချိန်ကို၊
စောင့်နေရမှာလား ...
စဉ်းစားပါဦး ဒေဝီရယ် ... "
လို့ ပြောလိုက်တဲ့အခါ ဒေဝီက အဝေးဆီငေးမျှော်
ကြည့်ရင်း ...
" ဒေဝီ ရှင့်ကို ...
အသည်းပေါက်မတတ်ချစ်တယ် စကြာ
ဒါဟာ ဒေဝီတို့ရဲ့ ဘဝအဆက်ဆက်ဖန်လာတဲ့၊
အကြောင်းတရားကြောင့်ပဲ ဖြစ်မှာပါ ...
မြင်တွေ့ချိန် မကြာမြင့်ပေမယ့်၊
ရင်ထဲမှာ နက်ရှိုင်းသွားတဲ့ သံယောဇဉ်က၊
နှောင်ဘဝ အဆက်ဆက်အတွက် ...
ထပ်ပြီးတွယ်ရစ်မယ့် ကြိုးတွေဖြစ်မှာပါ ...
အစကတည်းက ဒီလို ခွဲခွာခြင်းရှိမယ်လို့တာ၊

www.burmeseclassic.com

www.burmeseclassic.com



ကြိုးသိခဲ့ကြတယ် … သိရက်နဲ့

စွတ်တိုးခဲ့တဲ့ ဒေဝီတို့ဟာ၊ ကံကြမ္မာရဲ့

စေစားရာအတိုင်းပေါ့ စကြာရယ် …

ဘာများတတ်နိုင်ကြမလဲ … ”

လို့ အားငယ်ညှိုးဖျော့တဲ့ လေသံနဲ့ ပြောလာတယ်။

သူက ဒေဝီရဲ့ပခုံးကို ဆွဲကိုင်လှုပ်ရင်း …

“ ဒါတွေ ပြောမနေပါနဲ့ ဒေဝီ …

ကျုပ်တို့ ဒီနေရာက အမြန်ထွက်ပြေးရအောင်၊

နော် … ဒေဝီ ”

ဒေဝီက သူ့လက်မှာ ကျောက်ရုပ်လိုငြိမ်သက်ရင်း မျက်ရည် ပိုးပိုးပေါက်ပေါက် ကျလာတယ်။

“ မငိုပါနဲ့ … မငိုပါနဲ့ ဒေဝီရယ် …

သိပ်လှတဲ့ မင်းမျက်နှာဟာ၊

မျက်ရည်တွေနဲ့ မလိုက်ဖက်ဘူး၊

ကျုပ်ကိုရင်ကွဲအောင် လုပ်နိုင်တာ

မင်းရဲ့မျက်ရည်ပဲ ဒေဝီ …



လုံးဝမငိုပါနဲ့နော် … ”

သူဟာ အရူးတစ်ယောက်လို ရေရွတ်ရင်း ဒေဝီရဲ့ မျက်ရည်စတွေကို သုတ်ပေးလိုက်မိတယ်။

ဒေဝီက သူ့ရင်ခွင်ထဲတိုးဝင်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်တယ်။

“ ကျုပ်ကို ရင်ကွဲအောင် မလုပ်ပါနဲ့ ဒေဝီ …

ကျုပ် ဒေဝီ့ကိုအဆုံးရှုံး မခံနိုင်ဘူး၊

ခုချိန်မှာ ဒေဝီဟာ ကျုပ်ရဲ့ …

ချစ်သူဖြစ်သလို … ဇနီးမယားတစ်ယောက်

လည်း ဖြစ်နေပြီလေ …

ဒေဝီ့အနားမှာ ကျုပ်ရှိတယ် …

ဒေဝီ ဘာမှ အားငယ်စရာမလိုဘူး …

ကျုပ်တို့ ထွက်ပြေးကြရအောင် ဒေဝီရယ်

နော် … ”

သူ့စကားကြောင့် ဒေဝီဟာ ရင်ခွင်ထဲ မျက်နှာအပ်ငိုနေရာက အံကို တင်းတင်းကြိတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... သူ့လက်ကို ဆွဲလိုက်ပြီး ...

" သွားကြစို့ ... စကြာ

နှစ်ယောက်ခွဲနေရတာထက်စာရင် ...

အတူတူရင်ဆိုင်ရင်း သေရတာက

ပိုအဓိပ္ပါယ်ရှိတယ် ... "

လို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

စကြာဟာ ဒေဝီ့လက်ကိုဆုပ်ကိုင်ပြီး မျက်နှာကို စေ့စေ့ ကြည့်မိတယ် ...

သူမ မျက်လုံးထဲမှာ အချစ်ကြောင့် ...

ရဲရင့်မှုတွေ ... ပြတ်သားမှုတွေကို အထင်အရှား တွေ့ လိုက်ရတယ်။

ဒီအချိန်မှာပဲ ...

ငှက်ဆိုးတစ်ကောင်ရဲ့ စူးစူးဝါးဝါး ထိုးအာသံကို အထင် အရှားကြီး ကြားလိုက်ရတယ်။

# အပိုင်း (၇)

## နှစ်တစ်ရာ ဂူသချိုင်း

www.burmeseclassic.com

www.burmeseclassic.com



**ဒေဝီ** က သူ့လက်ကိုဆွဲပြီး နန်းဆောင်ရဲ့ အနောက်ဘက်ကို ထွက်ခဲ့တယ် ...

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပြီး တိမ်ငွေ့တွေထဲ လမ်းလျှောက်နေရသလို သူခံစားရတယ် ...



တစ်နေရာရောက်တော့ ... မီးအိမ်ကိုယ်စီကိုင်ထားတဲ့ အစောင့်ရဲမက်တွေကို တွေ့လိုက်ရတယ်။

ဒေဝီက သူ့ကို အလျင်အမြန် မှောင်ရိပ်ထဲ တွန်းချလိုက်တယ်။

သူမကိုယ်တိုင်လည်း ဟန်ချက်ပျက်ပြီး သူ့အပေါ် မှောက်လျက်သား ကျလာတယ်။

သူက ဒေဝီ့ကိုယ်လေးကို အလိုက်သင့်ဖက်ထားလိုက်မိတယ်။

မီးအိမ်ကိုင် အစောင့်ကွေဟာ အချင်းချင်း စကားတွတ်ထိုးရင်း သူတို့နားက ဖြတ်လျှောက်သွားတယ်။

အစောင့်တပ်သားတွေ အဝေးရောက်တော့မှ ဒေဝီက သူ့လက်ကိုဆွဲပြီး ဆက်ပြေးခဲ့ကြတယ်။

နန်းဆောင်ရဲ့ အနောက်ဘက် ဝန်းတံခါးရောက်တော့ လှံရှည်ကိုယ်စီကိုင်ပြီး ကင်းစောင့်နေတဲ့အစောင့်တွေကို တွေ့ရပြန်တယ်။

ဒေဝီက သူ့ကိုဦးဆောင်ပြီး တံတိုင်းကြီးအနီး ချုံထောင်

www.burmeseclassic.com



လိုက်တယ်။

" ကျွန်မတို့ တံတိုင်းကြီးကို ကျော်ရမယ်၊

ဘယ်လို လုပ်ကြမလဲ ... "

ဒေဝီရဲ့အမေးကြောင့်သူက ...

" ဒေဝီ ... ကျုပ်ပခုံးပေါ်ကနေ တံတိုင်း

ကြီးကို ကျော်တက်ပါ "

လို့ ပြောလိုက်တဲ့အခါ ဒေဝီက ...

" အို ... ရှင့်ပခုံးပေါ်ကတက်တော့

ဘယ်ကောင်းပါ့မလဲ၊ မဟုတ်တာရှင် ... "

လို့ ငြင်းဆန်တယ်။

" ဒေဝီက ကျုပ်ရဲ့ ဇနီးမယားဖြစ်နေပြီလေ ...

အမြန်တက်ပါ ဒေဝီရယ် ...

တော်ကြာ အစောင့်တွေတွေ့သွားရင်

ဒုက္ခရောက်လိမ့်မယ် "

လို့ပြောလိုက်တယ်။

ဒေဝီက ဘာမှမပြောတော့ဘဲ သူ့ပခုံးပေါ်ကနေ တံတိုင်း



ကြီးကို ခဲရာခဲဆစ် ကျော်တက်တယ်။

ဒေဝီ တံတိုင်းအပြင် ရောက်သွားတဲ့အခါ ...

သူ အခက်တွေ့သွားရတယ်။

လူနှစ်ရပ်လောက်မြင့်တဲ့ တံတိုင်းကို သူ ဘယ်လို ကျော်ရပါ့ ...

စဉ်းစားရင်း ခေါင်းချွေးပြန်သွားတယ်။

ဒီအချိန်မှာပဲ တံတိုင်းကြီးရဲ့ တစ်ဖက်က တိုင်လုံးရှည် တစ်ချောင်း ထိုးပေးတာ တွေ့လိုက်ရတယ်။

တိုင်လုံးက တဖြည်းဖြည်း သူ့အနား ရောက်လာတယ်။

သူဟာ တိုင်လုံးရှည်ကို ဆွဲယူလိုက်တဲ့အခါမှာတော့ အလံလွှင့်တဲ့တိုင် ဖြစ်နေတာ တွေ့လိုက်ရတယ်။

ဒီအချိန်မှာပဲ ဝန်းတံခါးစောင့်နှစ်ယောက်ဟာ သူရှိရာဘက် လျှောက်လာကြတယ်။

ထိတ်လန့်စိတ်ကြောင့် သူ့တစ်ကိုယ်လုံး တုန်ယင်ပြီး လက်အစုံချွေးစေးပြန်လာတယ်။

သူဟာ တိုင်လုံးကို ဆုပ်ကိုင်ရင်း ချိတ်ချတဲ့ ဖြစ်နေစိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ဘာမှမတွေးဘဲ အသက်ကို ဝအောင်ရှူလိုက်တယ်။

မျက်လုံးစုံမှိတ်ပြီး ... နောက်ပြန်ဆုတ်လိုက်တယ်။

ပြီးတော့ ... အရှိန်နဲ့ခုန်ပြီး တံတိုင်းကို လွှားခနဲ ခုန်ကျော်လိုက်တယ်။

တံတိုင်းရဲ့တစ်ဖက်ရောက်တော့ သူဟာ အရှိန်နဲ့ မြေပြင်ပေါ် " ဘုန်း " ခနဲ ပြုတ်ကျသွားတယ်။

ပြင်းထန်တဲ့ ကျချက်ကြောင့် လုံးဝမလှုပ်နိုင်ဘူး။

ဒေဝီက စိုးရိမ်တကြီး ပြေးလာပြီး ...

" စကြာ ... စကြာ ရှင် ရရဲ့လား ... "

မေးရင်း သူ့ကို ဆွဲထူတယ်။

" ရတယ် ဒေဝီ ... ဘာမှမဖြစ်ဘူး၊

ဒေဝီသာ အလံတိုင်ကို လှမ်းမပေးရင် ...

ကျုပ်တော့ အစောင့်တွေလက်ထဲ ပါသွားမှာ

သေချာတယ် ... "

လို့ ပြောလိုက်တယ်။



ပြီးတဲ့အခါမှာတော့ ... နှစ်ဦးသား မြူငွေ့လို အနီးငွေ့တွေကြား တိုးဝင်ခဲ့ကြတယ်။

သူဟာ မြူငွေ့တွေကြား ထိုးထိုးထောင်ထောင် မြင်ရတဲ့ အရာတွေကိုကြည့်ပြီး ...

" ကျုပ်တို့ ဘယ်ရောက်နေတာလဲ ဒေဝီ ... "

လို့ မေးလိုက်တယ်။

" အခု ... ကျွန်မတို့ရောက်နေတာ၊

ဝိညာဉ်ဘုံရဲ့ နှစ်တစ်ရာ ဂူသချိုင်းပဲ၊

ဒီနေရာမှာ ခေတ်အဆက်ဆက် ...

ဝိညာဉ်နန်းဆောင်ကို အုပ်ချုပ်ခဲ့တဲ့၊

ဘိုးဘေးတွေရဲ့ဝိညာဉ် ရှိတယ်ရှင့် ... "

ဒေဝီ့စကားကြောင့် သူ သိပ်အံ့သြသွားတယ်။

" ဘာ ... ဝိညာဉ်ဘုံမှာ

ဂူသချိုင်းရှိတယ် ဟုတ်လား ...

ကျုပ်အတွက်တော့ အထူးအဆန်း

တွေချည်းပါလား ဒေဝီရယ် ...

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ဒီသချိုင်းကနေ ဘယ်ဆက်သွားမှာလဲ၊

နန်းတော်ရဲ့အပြင်မှာ ...

မိစ္ဆာတွေ ရှိတယ်ဆို " ...

" စကြာ ... ရှင့်ကို ဒီအချိန်မှာ၊

ကျွန်မ ဘာမှ မရှင်းပြနိုင်သေးဘူး၊

ရှင် ကျွန်မနောက် လိုက်သာလိုက်ခဲ့ပါ ... "

လို့ ပြောတယ်။

စကြာဟာ ဘာမှမမေးတော့ဘဲ ဒေဝီနောက်က လိုက်ခဲ့မိတယ် ...

ဒေဝီက အုတ်ဂူကြီးတစ်လုံးဆီ ရောက်တော့ လက်တံတစ်ခုကို ဆွဲလှည့်လိုက်တယ် ...

ထူးဆန်းစွာပဲ အုတ်ဂူကြီးရဲ့ အမိုးဟာ " ကျွီ " ခနဲ ပွင့်သွားတယ် ...

ဒေဝီက အုတ်ဂူပေါ် လွှားခနဲ ခုန်တက်လိုက်တယ်။

သူလည်း ဒေဝီနည်းတူ ခုန်တက်လိုက်တယ်။

အလိမ်အကောက် ... အချိုးအကွေ့တွေနဲ့ အုတ်လှေကား



ကြီးတစ်ခု ...

အုတ်ဂူထဲမှာ ထူးဆန်းစွာ တွေ့လိုက်ရတယ်။

ဒေဝီက အုတ်သားနံရံမှာ စိုက်ထားတဲ့ မီးတုတ်ကို မီးညှိရင်း အုတ်လှေကားကြီးအတိုင်း ဆင်းသွားတယ်။

သူဟာ ရင်တဒိတ်ဒိတ်ခုန်ရင်း ဒေဝီနောက်က လိုက်ခဲ့မိတယ်။

စိမ်းရွှင်ရွှင် ရေညှိနံ့လို အနံ့ကြီးက သူ့နှာခေါင်းထဲ စူးခနဲ ဝင်လာတယ် ...

အုတ်လှေကားကြီးရဲ့ အကွေ့ရောက်တော့ ...

ဖျပ် ... ဖျပ် ... ဆိုတဲ့အသံနဲ့အတူ သူ့မျက်နှာကို ရိုက်ခတ်သွားတယ်။

သူ အရမ်းလန့်ပြီး "အောင်မယ်လေးဗျ" ...

လို့ အော်လိုက်မိတယ် ...

" အသည်းငယ်လှချည်လား စကြာရယ်၊

မကြောက်ပါနဲ့ ... လင်းနို့ငှက်တွေပါ

လူကို အန္တရာယ်မပြုပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီက ပြုံးတွေ့တွေ့အမူအရာနဲ့ လှမ်းပြောတယ်။

" မကြောက်ပါဘူးဗျာ ... ရုတ်တရက်ဆိုတော့ လန့်သွားတာပါ"

သူ့အပြောကို ဒေဝီက မတုံ့ပြန်ဘဲ ပြုံးပြီးနေတယ်။ ပြီးတော့ သူ့လက်ကိုဆွဲပြီး နှစ်ယောက်အတူ ယှဉ်တွဲ ကျော်ခဲ့တယ်။

အုတ်ဂူကြီးရဲ့ အတွင်းပိုင်းမှာတော့ ပင့်ကူမျှင်တွေကို ဖယ်ရှားရင်း တိုးဝှေ့ဝင်ခဲ့ရတယ်။

ဒေဝီလက်ကို ဆုပ်ကိုင်ထားတဲ့ သူ့လက်အစုံဟာ စိတ် လှုပ်ရှားမှုကြောင့် ချွေးစေးပြန်နေမိတယ်။

# အပိုင်း (၈)

## မရော ... ရောက်

www.burmeseclassic.com

www.burmeseclassic.com



ဒေဝီ နဲ့သူဟာ ပင့်ကူမျှင်တွေကြား တိုးဝှေ့ရင်း ဆက်လျှောက်ခဲ့တယ်။

တစ်နေရာရောက်တော့ စကြိုလမ်းရှည်ကြီးတစ်ခု တွေ့ရတယ်။



စကြိုလမ်းရဲ့ တစ်ဖက်ဆီမှာ ဂူပေါက်တွေရှိနေတယ်။

ဂူဝတစ်ခုရောက်တော့ ဆူညံနေတဲ့ အသံဗလံတွေကို ကြားရတယ်။

ဂူပေါက်ထဲ လှမ်းကြည့်တဲ့အခါ ...

မင်းသမီးလို ထိုင်မသိမ်းဝတ်ထားတဲ့ မိန်းမတွေ အများကြီး ရက်ကန်းရက်နေတာတွေ့ရတယ်။

“ သူတို့က ဘယ်သူတွေလဲ ဒေဝီ၊

ဂူကြီးထဲမှာ ဘာလို့ ရက်ကန်းခတ်နေတာလဲ ”

လို့ မေးလိုက်တဲ့အခါ ဒေဝီက

“ သူတို့က နောင်ပွင့်မယ့် ဘုရားရှင်အတွက် သင်္ကန်းတော် ရက်နေကြတာပါ ”

လို့ ဖြေတယ်။

သူ ဘာမှထပ်မမေးဖြစ်ဘဲ ဒေဝီနောက် ဆက်လိုက်ခဲ့တယ်။

စကြိုလမ်းရဲ့အဆုံးရောက်တော့ ဒေဝီက ဂူပေါက်သေးသေးလေးတစ်ခုထဲ တိုးဝင်သွားတယ်။

ဂူပေါက်သေးသေးလေးရဲ့ အတွင်းရောက်တော့ သူ

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံ ပြူးကျယ်သွားရတယ်။

မီးခိုးငွေ့လို အငွေ့တထောင်းထောင်းထနေတဲ့ ရေ

ရေကန်ကြီးတစ်ခု ...

" ဒါကရော ဘယ်နေရာလဲ ဒေဝီ ...

ရေကန်ထဲက အငွေ့တွေထနေတယ် ...

အရမ်းလည်း ပူတယ် ... "

သူ့စကားကြောင့် ဒေဝီက ...

" ဒီရေကန်ကို မရဏာရေကန်လို့ ခေါ်တယ်၊

ဝိညာဉ်ဘုံရဲ့ စည်းကမ်းဖောက်ဖျက်သူတွေကို၊

ဟောဒီကန်ကြီးထဲ ပစ်ချပြီး အပြစ်ပေးလေ့ရှိတယ် "

လို့ပြောပြီး ဆက်လျှောက်သွားတယ်။

စကြာဟာ လူသားစားတဲ့ မရဏာရေကန်ကြီးကိုကြည့်

ပြီး ကျောစိမ့်သွားတယ်။

ရေကန်ကြီးရဲ့အဆုံးကိုရောက်တော့ ကြီးမားတဲ့ တံတိုင်း

ကြီးတစ်ခု တွေ့ရပြန်တယ်။

တံတိုင်းကြီးရဲ့ နံရံမှာတော့ ကြေးခေါင်းလောင်းကြီး



တစ်လုံး ချိတ်ဆွဲထားတယ်။

ဒေဝီက ကြေးခေါင်းလောင်းကြီးရှိရာလျှောက်သွားပြီး

လှုပ်ခတ်လိုက်တယ်။

" ဂလောင် ... ဂလောင် ... ဂလောင် "

ဆိုတဲ့အသံက ပတ်ဝန်းကျင်တစ်ခုလုံး ပွဲတင်ထပ်သွားတယ်။

ခေါင်းလောင်းသံအဆုံးမှာတော့ ဘုရားထီးတင်တဲ့ ပန်း

ရထားလို ယာဉ်တစ်ခု ဆိုက်ရောက်လာတယ်။

ဒေဝီက သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ...

" စကြာ ... ကျွန်မတို့ ဟောဒီယာဉ်နဲ့

ဝိညာဉ်ဘုံကနေ ထွက်သွားရလိမ့်မယ်၊

ဒီနေရာကကျော်ရင် ကျွန်မတို့ လွတ်မြောက်ပြီ၊

ကျွန်မတို့နှစ်ယောက်ကို ဘယ်အရာမှ ...

နှောင့်ယှက်တားဆီးလို့ မရတော့ဘူးပေါ့ရှင် "

သူက ဒေဝီမျက်နှာလေးကို ချစ်မြတ်နိုးစွာ ကြည့်ရင်း

လက်ကို ဆုပ်ကိုင်လိုက်တယ်။

" ဒါဆို ... ကျုပ်တို့ ဘယ်တော့မှ

www.burmeseclassic.com

ခွဲရတော့ဘူးပေါ့ ...

ကျုပ်လေ ... ဟော့ဒီ မရဏာရေကန်ကြီးကို၊

သက်သေတည်ပြီး သစ္စာဆိုဝံ့တယ် ...

ဒေဝီနဲ့ကျုပ် ဘယ်တော့မှမခွဲဘူး၊

ဘဝအဆက်ဆက် ဒေဝီရဲ့ချစ်သူဟာ

ကျုပ်ပဲဖြစ်ရမယ် ...

ကျုပ်ရဲ့ချစ်သူဟာလည်း ဒေဝီပဲ ဖြစ်ရမယ်၊

ဒေဝီတစ်ယောက်ကိုသာ ဘဝအဆက်ဆက်

မဖောက်မပြန် ချစ်သွားပါ့မယ် ...

ဒီစကားဟာ မှန်ကန်တဲ့

သစ္စာစကား ဖြစ်ခဲ့ရင် ...

အကြောင်းကြောင်းကြောင့်

ကျုပ်တို့ ဝေးရရင်တောင် ...

ဘဝဆက်တိုင်း ဒေဝီနဲ့သာ

ပြန်လည်ပေါင်းဖက်ခွင့် ရပါစေ "

သူ့ရဲ့ သစ္စာစကားကြောင့် ဒေဝီဟာ မျက်ရည်လည်မ





တတ် ကြည်နူးစိတ်နဲ့ ...

" ဒေဝီလည်း ရှင်နဲ့ ထပ်တူထပ်မျှ

ပါပဲ စကြာရယ် ...

ကံကြမ္မာကြောင့် ဝေးရရင်တောင်၊

ဘဝအဆက်ဆက် စကြာနဲ့ပဲ ...

ပြန်လည်ဆုံတွေ့ချင်ပါတယ်ကွယ် "

လို့ တီးတိုးရေရွတ်လိုက်တယ်။

သူဟာ ဒေဝီရဲ့လက်ကိုဆွဲပြီး ပန်းရထားပေါ် တက်ဖို့ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ မမျှော်လင့်တဲ့ ကြမ္မာဆိုးနဲ့ ရင်ဆိုင်လိုက်ရတယ်။

ပန်းရထားကြီးတစ်စီး ...

အရှိန်ပြင်းစွာနဲ့ သူတို့ရှိရာ ဦးတည်လာနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

# မုန့်တိုင်း မျက်ရည်



ဝေဝိ ဟာ ပန်းရထားကို မြင်တော့ အကြီးအကျယ် ထိတ်လန့်သွားတယ်။

သူ့လက်ကို ဆတ်ခနဲဆွဲပြီး ပန်းရထားပေါ်က ခုန်ချ လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... သူတို့လာခဲ့တဲ့ လမ်းအတိုင်း ပြန်လှည့်ပြေးကြတယ်။

ပန်းရထားပေါ်က အချွန်အတက်တွေ ဆောင်းထားတဲ့ လူကြီးတစ်ဦး ဆင်းလာပြီး သူတို့နောက် ပြေးလိုက်တယ်။

" မိုးနတ်ဒေဝီ ... မိုးနတ်ဒေဝီ ...

မပြေးနဲ့လေ"

အချွန်အတက်ဆောင်းထားတဲ့ လူကြီးရဲ့နောက်မှာတော့ ရဲမက်တွေ ပြေးလိုက်လာပြန်တယ်။

ဒေဝီဟာ စကြာရဲ့လက်ကိုဆွဲရင်း အသည်းအသန် ပြေးလွှားနေမိတယ်။

မရဏရေကန်ကြီးရှေ့ အရောက်မှာတော့ အချွန်အတက်နဲ့လူကြီးက သူတို့ကို မီသွားတယ်။

ဒေဝီက သူ့လက်ကို တင်းတင်းဆုပ်ကိုင်ရင်း လူကြီးဘက် လှည့်ပြီး ...

" အဖေ ... အဖေ ...

စကြာကို အပြစ်မပေးပါနဲ့၊



ဒေဝီတို့အချစ်ကို မခွဲပါနဲ့၊

ဒေဝီ မိစ္ဆာကို လက်မထပ်နိုင်ဘူး "

လို့ အော်ဟစ်လိုက်တယ်။

ဝိညာဉ်ဘုံသခင်ကြီးက ဒေဝီကို စူးစိုက်ကြည့်နေတယ်။ သူ့မျက်ဝန်းမှာတော့ မျက်ရည်တွေဝေ့နေတာ စကြာမြင်နေရတယ်။

" မိုးနတ်ဒေဝီ ... သမီး မှားနေပြီကွယ်၊

စကြာဟာ သေဆုံးသူတစ်ယောက် မဟုတ်ဘူး၊

သူဟာ ထူးခြားတဲ့ကံကြမ္မာကြောင့်၊

ဟောဒီ ဝိညာဉ်ဘုံကို ...

တစ်ခဏ အလည်လာခဲ့ရသူပါကွယ် ...

ရုပ်နဲ့နာမ် ပြန်လည်ပေါင်းစပ်သွားရင် ...

ဟောဒီနေရာမှာ သူ ရှိတော့မှာမဟုတ်ဘူး၊

မဖြစ်နိုင်တာကို ဇွတ်မိုက်မနေပါနဲ့ ဒေဝီရယ်

သမီးတို့ ဘယ်လိုမှ ပေါင်းစည်းလို့မရဘူး၊

သမီးဟာ ဝိညာဉ်ဘုံက သခင်ကြီးရဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



သမီးတော်တစ်ပါးပါ၊

ဒါဟာ ... ဘယ်လိုမှ ပြောင်းလဲလို့မရဘူး၊

ဘယ်နည်းနဲ့မှလည်း စကြာနောက်ကို၊

လိုက်လို့ရမှာ မဟုတ်ဘူး ...

ကိုယ့်ဘဝကိုယ် နားလည်စမ်းပါ ဒေဝီရယ် ... ”

ဒေဝီက မျက်ရည်သွင်သွင်စီးကျနေရာက ခေါင်းခါယမ်းရင်း ...

“ အဖေ ... ဒေဝီ့ကို ဘာမှမပြောပါနဲ့၊

ဒီအချိန်မှာ ဒေဝီဟာ စကြာရဲ့ ...

ဇနီးမယားဖြစ်နေပြီ ... စကြာနောက်ကို

ဒေဝီလိုက်ပါရစေ ... ”

လို့ သွေးရူးသွေးတန်း အော်ဟစ်လိုက်တယ်။

သူဟာ ဒေဝီကို တစ်လှည့် ... ဝိဇ္ဇာဉ်ဘုံသခင်ကြီးကို တစ်လှည့် ကြည့်ရင်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေမိတယ်။

ဝိဇ္ဇာဉ်ဘုံသခင်ကြီးက သမီးဖြစ်သူကို ကရုဏာသက်စွာ ကြည့်ပြီး ...





“ သနားစရာကောင်းတဲ့ ဒေဝီလေးရယ်၊

အချစ်မှိုင်းမိပြီး လက်ရှိအခြေအနေကို

မေ့လျော့နေပါကောလား ...

ဒီအချိန်မှာ သမီးလုပ်သင့်တာ

ဝိဇ္ဇာဉ်ဘုံရဲ့ အနာဂတ်ကို ကယ်တင်ဖို့ပဲ၊

ဒီအတွက် မိတ္တာခေါင်းဆောင်ကိုပဲ ...

လက်ဆက်သင့်တယ် ”

လို့ ပြောလိုက်တဲ့စကားက သူ့ခေါင်းပေါ် မိုးကြိုးပစ်ချလိုက်သလိုပါပဲ။

သူဟာ ဒေဝီ့မျက်နှာကို ကြေကွဲစွာကြည့်လိုက်မိတယ်။

ဒေဝီကလည်း မျက်ရည်ပြည့်လျှံနေတဲ့ မျက်လုံးတွေနဲ့ သူ့ကို စိုက်ကြည့်နေတယ်။

ဒေဝီမျက်ဝန်းက စကားတွေပြောနေသလို သူ ခံစားလိုက်ရတယ်။

ဒေဝီက သူ့လက်ကို ပိုမိုတင်းကျပ်စွာဆုပ်ကိုင်လိုက်ရင်း

“ ချစ်သူနဲ့ ရှင်ကွဲ ကွဲရတဲ့ ဝေဒနာက ...

www.burmeseclassic.com

အသည်းနှလုံးကို မီးပြင်းမြှိုက်သလို

ခံစားရတယ် ... မချစ်မနှစ်သက်လူနဲ့

ပေါင်းဖက်ရတဲ့ ဒုက္ခက ...

အချိန်တိုင်းမှာ ရင်ဝကို လုံနဲ့

ထိုးစိုက်သလို ခံစားရတယ် ... ဒါတွေအားလုံးကို

ဒေဝီမခံစားနိုင်ဘူး အဖေ၊

ဒေဝီကိုခွင့်လွှတ်ပါ ”

လို့ ကြေကွဲဆို့နင့်သံနဲ့ ပြောလိုက်တယ်။

ဒေဗိုစကားကြောင့်သူ ခေါင်းနားပန်းကြီးသွားတယ်။

ဘုရား ... ဘုရား ...

ဒေဝီ ဘာလုပ်မှာပါလိမ့် ...

သူဟာ ထိတ်လန့်တုန်လှုပ်စိတ်နဲ့ ဒေဝီကိုကြည့်လိုက်တယ်။

ဒေဝီက သူ့ဘက်ကို တဖြည်းဖြည်းလှည့်လာတယ်။

ပြီးတော့ ... သူ့နဖူးပြင်ကို ခပ်ဖွဖွနမ်းရှုပ်လိုက်တယ်။

“ ဒေဝီတို့နှစ်ယောက်ရဲ့ နှလုံးသားတွေဟာ

ရှင်သန်နေမှာပါ စကြာရယ် ...



ဘဝအဆက်ဆက်ပေါ့ ”

တီးတိုးရေရွတ်သံနဲ့အတူ သူ့လက်ကို တင်းကျပ်စွာ

ဆုပ်ကိုင်လိုက်တယ်။

ပြီးတော့ ...

အငွေ့တထောင်းထောင်းထနေတဲ့ ရေကန်ကြီးကို မျက်

နှာပြုလိုက်တယ်။

မရဏရေကန်ကြီးရဲ့ အခိုးအငွေ့တွေက လက်ယပ်ခေါ်

နေသလို ...

ဒီအချိန်မှာပဲ ဒေဝီက သူ့လက်ကို ဆတ်ခနဲ ဆောင့်ဆွဲ

လိုက်တယ်။

ဗွမ်း ... ခနဲ အသံကြီးနဲ့အတူဝိညာဉ်ဘုံသခင်ကြီးရဲ့

**ဒိုရှတ်ဒေဝီ ...**

လို့ အော်လိုက်တဲ့ အသံနက်ကြီးက ပဲ့တင်ထပ်သွား

တယ်။

www.burmeseclassic.com

# အပိုင်း (၁၀)

## မိုးနတ်ဒေဝီ … ဒေဝီ

မင်း ဘယ်မှာလဲ …

လူနာရဲ့ ကယောင်ကတမ်း ရေရွတ်သံကြောင့် သူနာပြု ဆရာမလေးဟာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး …

www.burmeseclassic.com

www.burmeseclassic.com

"ကိုစကြာ ... ကိုစကြာ

ရှင် သတိရပြီလား"

လို့ တွင်တွင်မေးလိုက်တယ်။

လှူနာဟာ ယောင်ရမ်းရှေ့ရွတ်နေရာမှ မျက်လုံးအစုံဖွင့်လာပြီး ...

"ဟင် ... ဒေဝီ ... ဒေဝီမသေဘူးနော်၊

ဝမ်းသာလိုက်တာ ဒေဝီရယ် ...

ကျုပ်တို့ မသေဘူးနော် "

လို့ ရေရွတ်ရင်း သူနာပြုဆရာမလေးကို ဆွဲဖက်လိုက်တယ်။

အမှတ်မထင် အဖက်ခံလိုက်ရတဲ့အတွက် သူနာပြုဆရာမဟာ ကြောင်အမ်းသွားတယ်။

ပြီးမှ သတိပြန်ဝင်လာပြီး ...

"ရှင် ... ရှင် ဘာလုပ်တာလဲ၊ လွှတ်ပါ ...

ကျွန်မ ဒေဝီမဟုတ်ဘူး၊ ရှင့်ရဲ့ သူနာပြုပါ"

လို့ ပြောရင်း လူနာရဲ့လက်ကို တွန်းထုတ်လိုက်တယ်၊



လူနာဟာ ပြူးကြောင်ကြောင်မျက်လုံးအစုံနဲ့ ခေါင်းတွင်တွင်ခါယမ်းလိုက်ရင်း ...

"ဘာလို့ လွှတ်ရမှာလဲ ...

မင်းဟာ ငါ့ရဲ့ဒေဝီ၊

ငါ့ရဲ့ မွှေဟေသီဒေဝီလေးပဲ၊

ငါတို့ ပွက်ပွက်ဆူနေတဲ့

မရဏရေကန်ကြီးထဲ ...

ကျခဲ့ပေမယ့် မ ... မသေဘူးနော်၊

ဒေဝီ ဝမ်းမသာဘူးလားဟင်"

လို့ပြောပြီး ...

သူနာပြုရဲ့ခါးကို တင်းကျပ်စွာ ဖက်ထားလိုက်တယ်။

သူနာပြုက သူ့ရင်ဘတ်မှာ ခေါင်းအပ်ပြီး ခါးဖက်ထားတဲ့လူနာကြောင့် အကြီးအကျယ်ထိတ်လန့်သွားပြီး ...

"အမယ်လေး ... လာကြပါဦးတော့်၊

ကယ်ကြပါဦး ...

လူနာ စိတ်ဖောက်ပြန်နေပြီ "

www.burmeseclassic.com

www.burmeseclassic.com



လို့အော်ဟစ်ပြီး လူနာကို အားကုန် ဆောင့်တွန်းလိုက်တယ်။

သူနာပြုဟာ လူနာရဲ့အနားကနေ အော်ဟစ်ရင်း ပြေးထွက်သွားတယ်။

အခန်း၀ရောက်တော့ သူမဟာ လူကြီးတစ်ယောက်နဲ့ ၀င်တိုက်မိတယ်။

လူကြီးက အထိတ်တလန့်ဖြစ်နေတဲ့ သူနာပြုကို တအံ့တသြကြည့်ရင်း

" ဘာဖြစ်တာလဲ ဆရာမ ...

ကိုစကြာ ဘာဖြစ်လို့လဲ "

လို့ မေးလိုက်တယ် ...

သူနာပြုဆရာမက မျက်လုံးပြူးမျက်ဆန်ပြူးနဲ့

" ရှင် ... ရှင့်လူနာ စိတ်ဖောက်ပြန်သွားပြီ၊

ကျွန်မကို အတင်းထဖက်တယ်ရှင့် ...

ဟော ... ဟိုမှာ ထလာပြီ ...

ဒေါက်တာ ... ဒေါက်တာ ... ကယ်ပါဦးရှင် "



လို့ပြောရင်း ကမူးရှူးထိုး ပြေးထွက်သွားတယ်။

သူနာပြု ထွက်သွားတဲ့အခါ လူကြီးက အနားရောက်လာတဲ့ လူနာကို လှမ်းဆွဲလိုက်တယ်။

လူနာက မကျေမနပ်အမူအရာနဲ့ ...

" ကျုပ်ကို ဘာလို့ ဆွဲတာလဲ ...

လွှတ်စမ်း ... ဟိုမှာ ဒေဝီထွက်သွားပြီ၊

ဒေဝီရေ ကျုပ်ကိုမထားခဲ့ပါနဲ့ ... "

လို့ အရူးပမာ အော်ဟစ်နေရှာတယ်။

လူကြီးကစိတ်မသက်သာစွာနဲ့ ခေါင်းခါယမ်းလိုက်ရင်း ...

" ကိုစကြာ ... ခင်ဗျား သတိထားစမ်းပါဗျာ၊

အဲ့ဒါ ခင်ဗျားကို စောင့်ရှောက်ပေးနေတဲ့ ...

သူနာပြုဆရာမလေးပါ၊

ခင်ဗျားသတိမေ့နေတာ တစ်ပတ်ရှိပြီ ...

စိတ်ကိုထိန်းပါ ကိုစကြာရာ "

လို့ ရေရွတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



လူနာက လူကြီးကို ဝါးစားမတတ် စူးစိုက်ကြည့်ရင်း

“ ဩ ... ဘယ်သူများလဲလို့၊

ခင်ဗျားဟာ ကျုပ်ရဲ့ဒေဝီလေးကို

လုယူမယ့် မိစ္ဆာနတ်ဆိုးပဲ ...

ဟား ... ဟား ... ဟား၊

ခင်ဗျားနဲ့ ကျုပ်တွေ့ကြပြီပေါ့၊

ငါ့ရင်ဘတ်ထဲက ဒေဝီ့ကို ...

ဆွဲထုတ်တဲ့ မိစ္ဆာကောင်၊ နင့်ကို ဟောဒီ

ငါ့လက်နဲ့ သတ်ရမှ ကျေနပ်မယ် ...

ကျေနပ်မယ် ”

လို့ အသံဩကြီးနဲ့ ကြုံးဝါးရင်း လူကြီးရဲ့လည်မျိုကို ဖိညှစ်လိုက်တယ်။

လူကြီးဟာ လူနာရဲ့လက်မှာ အော်ဟစ်ရုန်းကန်ရင်း မျက်လုံးပြူးနေရှာတယ်။

ဒီအချိန်မှာပဲဆရာဝန်ကြီးနဲ့ ယောကျ်ားသူနာပြုတွေ ရောက်လာကြတယ်။



ယောကျ်ားသူနာပြုတွေဟာ လူနာရဲ့လက်ကို အတင်း ဖမ်းချုပ်ပြီး ခုတင်ရှိရာ ခေါ်ဆောင်သွားတယ်။

“ နင် ... နင်တို့ ငါ့ကိုဖမ်းတယ်၊

လွှတ်စမ်း ... ငါ့လက်ကိုလွှတ် ...

နင်တို့ဟာ မိစ္ဆာခေါင်းဆောင်ရဲ့

လက်ပါးစေတွေဘဲ ... ငါ့ကိုလွှတ်ကြစမ်း၊

ဒေဝီရေ ... ကျုပ်ကို ကယ်ပါဦး ”

လူနာဟာ သူနာပြုတွေရဲ့လက်မှာ အော်ဟစ်ရုန်းကန် ရင်း ပါသွားတယ်။

သူနာပြုတွေက လူနာကို ခုတင်ပေါ်တင်ပြီး ခြေနဲ့လက် ကို ဖမ်းချုပ်ထားကြတယ်။

ဆရာဝန်ကြီးက အသင့်ယူလာတဲ့ ဆေးထိုးအပ်နဲ့ လူနာ ရဲ့လက်မောင်းကို ထိုးစိုက်လိုက်တယ်။

လူနာဟာ သွေးရူးသွေးတန်း အော်ဟစ်ရုန်းကန်ရင်း ခဏကြာတော့ ငြိမ်သက်သွားရှာတယ်။

ဒီအခါမှ သူနာပြုဆရာမလေးဟာ မဝံ့မရဲအမူအရာနဲ့

www.burmeseclassic.com

www.burmeseclassic.com



အနားရောက်လာပြီး ...

" တော်သေးတာပေါ့ရှင် ...

စိတ်ငြိမ်ဆေး အချိန်မီ ထိုးလိုက်နိုင်လို့၊

ဒီပေးရှင့်ဟာ စိတ်ဝေဒနာသည်ဆိုတာ ...

ရှင် ဘာလို့ ဆေးရုံတင်တဲ့နေ့ကတည်းက၊

မပြောတာလဲ "

လို့ လူကြီးကို မကျေမနပ်ကြည့်ရင်းမေးလိုက်တယ်။

လူကြီးက စိတ်ရှုပ်ထွေးဟန်နဲ့ခေါင်းကို ကုတ်ဖွလိုက်

ရင်း ...

" ကျုပ်လည်း ဘယ်သိမလဲဗျ၊

ကျုပ်က သူ့ကို ဆေးရုံတင်ပေးခဲ့တာ မှန်တယ်၊

ကျုပ်တို့က အဆောင်မှာနေကြတာဗျ၊

ကိုစကြာက ကျုပ်နဲ့ တစ်ခန်းကျော်မှာ နေတာ၊

ကျုပ်သိတာ သူက စာရေးဆရာဗျ၊

မိဘဆွေမျိုးမရှိတဲ့ လူလွတ်တစ်ယောက်

အရက်လည်း သောက်တတ်တယ် ...



ကျုပ် ရုံးကအပြန် အခန်းဝမှာ၊

သူ လဲနေတာတွေ့လို့ ဆေးရုံတင်ပေးခဲ့တာ၊

အင်း ... ဒီလူက အစားအသောက်လည်း

နည်းတယ်ဗျ ... အစားပျက် အအိပ်ပျက်ပြီး

အရက်ချည်း ဖိသောက်တာ၊ ဒါကြောင့် ...

အားပြတ်ပြီး သတိမေ့မြောသွားတယ်လို့

ကျုပ်ကထင်နေတာ၊ ဒီလူဟာ ...

စိတ်နယ်လွန်ဖြစ်ရပ်ဆန်းတွေ ရေးတဲ့၊

စာရေးဆရာဆိုတော့ တဂ်ဖက်စွန်းရောက်ပြီး

စိတ်နောက်သွားတာ ဖြစ်ရမယ် "

လို့ ပြောလိုက်တယ်။

ဒီအခါမှာ ဆရာဝန်ကြီးက ခေါင်းဆတ်ဆတ်ညိတ်ရင်း

" အင်း ... ခင်ဗျားပြောတာ

ဖြစ်နိုင်ခြေရှိပါတယ်၊

ဘာ့ပဲဖြစ်ဖြစ်ပေါ့လေ ...

လူနာက ကျုပ်တို့မျက်စိရှေ့မှာတင်

www.burmeseclassic.com

www.burmeseclassic.com



လူတွေကို အန္တရာယ်ပြုနေပြီဆိုတော့၊

ဒီအတိုင်းထားလို့တော့ မဖြစ်ဘူး ...

ဪ ... ဆရာမရေ၊

ဒီပေးရှင့်ကို ဒေါက်တာအောင်ကျော်ရဲ့

စိတ်ကျန်းမာရေး ဆေးခန်းကို

ပြောင်းတင်ဖို့စီစဉ်ပါ "

လို့ သူနာပြုဆရာမကို လှမ်းပြောလိုက်တယ်။

ဆရာဝန်ကြီး ထွက်သွားတဲ့အခါ လူကြီးနဲ့ သူနာပြုဆရာမလေးသာ လူနာရဲ့ဘေးမှာ ကျန်ရစ်တယ်။

သူနာပြုဆရာမလေးက လူနာကို ထိတ်လန့်ဟန်နဲ့ ပခုံးတွန့်ပြီး ခုတင်ဘေးက လှည့်ထွက်သွားတယ်။

ဒီအခါမှာ လူကြီးက ...

" ဘယ်သွားမလို့လဲ ဆရာမ၊

လူနာသတိပြန်ရရင် ကျုပ်တစ်ယောက်တည်း

မနေရဲဘူး ... ခုနကလည်း

လည်ပင်းအညှစ်ခံရပြီးပြီ၊



အသက်မထွက်ရုံတမယ်ဘဲ "

လူကြီးရဲ့စကားကြောင့် သူနာပြုဟာ ခြေလှမ်းတုံ့သွားပြီး ...

" ကျွန်မလည်း ဒီလူ့ကိုကြောက်လို့၊

စစ္စတာကြီးဆီ သတင်းပို့ပြီး လူစားလဲတော့မှာ၊


ရှင်လည်း ကြောက်ရင် မနေနဲ့ပေါ့ရှင် "

လို့ လှည့်ပြောပြီး ဆက်လက်လျှောက်သွားတော့တယ်။

လူကြီးကတော့ လူနာကို တစ်လှည့် ...

အခန်းဝကို တစ်လှည့်ကြည့်ရင်း ...

စိတ်ရှုပ်ထွေးစွာနဲ့ ကျန်ရစ်ခဲ့တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်သိမ်း

BURMESE CLASSIC



ယောကျ်ား သူနာပြုတွေက စကြာကို အဖြူရောင် ဝတ်စုံ ပြောင်းဝတ်ပေးလိုက်တယ်။

ပြီးတော့ … စကြာရဲ့ တစ်ဖက်တစ်ချက်စီက ဖမ်းချုပ်ပြီး ဆေးရုံကားဆီ ခေါ်သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



စကြာဟာ သူ့ရဲ့အဝတ်အစားတွေကို ငုံ့ကြည့်ရင်း ...

" ဟား ... ဟား ... ဟား

ငါဟာ အခုမှပဲ ...

ဝိညာဉ်ဘုံသားတစ်ယောက် ဖြစ်သွားတော့တယ်၊

ဝိညာဉ်ဘုံဟာ အေးချမ်းတယ်၊

မြူနှိုးလိုအရာတွေ ရှိတယ် ...

ဝိညာဉ်ဘုံသခင်ကြီးလည်း ရှိတယ် ...

ပြီးတော့ ... ငါသိပ်ချစ်တဲ့

ဒေဝီလေးလည်း ရှိတယ်၊

ဟား ... ဟား ... ဟား "

လို့ အော်ဟစ်ရယ်မောလိုက်တယ်။

လူနာတင်ကားရှေ့ ရောက်တဲ့အခါ စကြာရဲ့အသံကြီးက ထပ်မံထွက်ပေါ်လာပြီး ...

" ဟာ ... ပန်းရထားကြီးပါလား

ဒါကြီးစီးပြီး ဒေဝီဆီ သွားရမယ်ပေါ့၊

ဟား ... ဟား ...



စကြာနဲ့ ဒေဝီ ... ဒေဝီနဲ့ စကြာ

ဘယ်တော့မှ မခွဲရတော့ဘူး "

လို့ အော်ဟစ်လိုက်ပြန်တယ်။

သူနာပြုတွေဟာ သူ့ကို လူနာတင်ယာဉ်ပေါ် တင်လိုက်ကြတယ်။

ယာဉ်ပေါ်ရောက်တဲ့အခါ ...

သူနာပြုတွေဟာ သွက်သွက်ခါအောင် ရူးသွပ်သွားတဲ့ စကြာကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားကြတယ်။

စကြာတစ်ယောက် ... အော်ဟစ် ရယ်မောနေရာက တဖြည်းဖြည်း ငြိမ်သက်သွားတယ်။

သူ့ရဲ့ မျက်လုံးတွေ လေးလာလံပြီး နောက်ဆုံးမှာတော့ လေဟာနယ်ထဲရောက်သွားသလို ခံစားလိုက်ရတော့တယ် ...

သူ့ရဲ့ စိတ်အာရုံမှာတော့ ...

ဝိညာဉ်ဘုံက မိုးနတ်ဒေဝီရဲ့ ချစ်စဖွယ် ကလေးကမြင်ကွင်းတွေကိုသာ ပြန်လည်ကြားယောင်နေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

- ကောင်းကင်နဲ့ မြေကြီးကြားမှာ
လူသားတွေ ရှိနေတယ် ...
အလင်းရောင်၊ လေထု၊ အစာအာဟာရတွေက
လူသားတစ်ယောက်ရဲ့ရပ်တည်မှုကို
အားပြုပေးတယ်။

- ကျုပ်နဲ့ ချစ်သူကြားမှာ
သံယောဇဉ်ငွေကြိုးလေး ရှိနေတယ် ...
အချစ်၊ ရမ္မက်၊ ဇွဲလမ်းမှုတွေက
ငွေကြိုးလေးကို အားပြုပေးတယ်။

- လူသားဖြစ်ဖြစ် ... ဝိညာဉ်ဖြစ်ဖြစ် ...
ကျုပ်ရင်ထဲမှာ ဘဝအဆက်ဆက်
ထင်ဟပ်နေတဲ့ မျက်နှာလေးတစ်ခု ...
သူ့နာမည်က **မိုးနတ်ဒေဝီ** ...

**မဒီစြာ**

BURMESE CLASSIC
www.burmeseclassic.com